အဆိုပါ တန်ဆောင်တိုင် MSME ဈေးရောင်းပွဲတော်နှင့် ဂီတဖျော်ဖြေပွဲသို့ ပြည်သူအများအပြား လာရောက်ကြပြီး အလှဆင်မီးများဖြင့် အမှတ်တရဓာတ်ပုံရိုက်ခြင်းနှင့် နိုင်ငံကျော်တေးသံရှင်များက တေးသီချင်းများဖြင့် ဖျော်ဖြေတင်ဆက်မှုများကို ဖျော်ရွှင်စွာဆင်နွှဲကြပြီး ဈေးဆိုင်ခန်းများနှင့် လူသုံးကုန်ပစ္စည်း၊ အလှကုန်ပစ္စည်းနှင့် အစားအသောက် ရောင်းချနေမှုများကိုလည်း ဝယ်ယူအားပေးကြသူ ပြည်သူများဖြင့် အထူးစည်ကားလျက်ရှိသည်။

ထို့ပြင် ဂီတဖျော်ဖြေပွဲတွင် နိုင်ငံကျော် တေးသံရှင်များဖြစ်သည့် စိုးပိုင်၊ ဂျက်မြသောင်း၊ ဇော်ပိုင်၊ ဖြိုးကြီး၊ နွဲ့ယဉ်ဝင်း၊ မီးနို နှင့် တေးသံရှင်များ၏ ဖျော်ဖြေတင်ဆက်နေမှုများကို ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးအောင်နိုင်သူနှင့် ဇနီး၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် ၎င်းတို့၏ ဇနီးများ၊ တာဝန်ရှိသူများက ရန်ကုန်မြို့နေ အများပြည်သူများနှင့်အတူ ပျော်ရွှင်စွာဖြင့် ကြည့်ရှုအားပေးပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်ဇနီး၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် ဇနီးတို့က နိုင်ငံကျော်တေးသံရှင်များအား ဂုဏ်ပြုချီးမြှင့်ငွေများကို ပေးအပ်ခဲ့ကြောင်း သိရသည်။



ဖွဲ့ထက်ကို(ပြန်/ဆက်)

လတန်ဆောင်ခါ ပြည်မြန်မာ

* ခဝဲထုံသင်း၊ ငွေမှုန်နှင်း
တိမ်ကင်းမြူစင်၊ ထက်ကောင်းကင်
ကြည်လင်ချမ်းမြေ၊ လပြည့်ည
သာလှတယ်လေ့ ငွေသော်တာ။

* စူဋ္ဌာမဏိ၊ နတ်ရွာထိ
ထွန်းညှိပူဇာ၊ ဆီမီးဖြာ
ကြတ္တိကာသဘင်ပွဲ၊ မီးပုံးပွဲ
နွဲကြတယ်လေ့ ထုံးစဉ်လာ။

* အဇာတသတ်၊ အဖသတ်
ချဉ်းကပ်ယူမှာ၊ အပြစ်များ
ဘုရားထံမှာ၊ ဝန်ချကာ
သာမညဖလ၊ နာယူမှ
ငြိမ်းရတယ်လေ့ ပူဗ္ဗာပါ။

* မဂ်ဖိုလ်လမ်းပြ၊ မြတ်ဓမ္မ
သုံးဝရတနာ၊ ကြည်ညိုစွာ
ရင်မှာငြိမ်းချမ်း၊ ပြည်လုံးလန်း
ခြိုလွှမ်းတယ်လေ့ သာသနာ။

* သံဃာရည်မှန်း၊ ကပ်လှူဒါန်း
သင်္ကန်းကထိန်၊ ကာလချိန်
တစ်ကြိမ်တစ်နှစ်၊ သဒ္ဓါနှစ်
လှူဖြစ်တယ်လေ့ ထွတ်မြတ်စွာ။

* ဆေးပေါင်းခသည်၊ မဲဇလီ
ယုံကြည်ဝေမျှ၊ စားသုံးကြ
လှူရကြည်ဖြူ၊ ပုံသကူ
ပျော်မူတစ်မျိုး၊ ကျီးမနိုး
မရိုးနိုင်လေ့ ကိုယ့်ရိုးရာ။

* ကောင်းကင်မိုးယံ၊ ထိုးတက်ပျံ
စိန်နားပန်မီး၊ ညမီးကြိုး
မီးပုံးပျံပွဲ၊ ခြိမ့်ခြိမ့်သဲ
ပျော်နွဲတယ်လေ့ ပြည်မြန်မာ။

* ဖုံးတုံးလုံးတုံး၊ တန်ဆောင်မုန်း
ရွှင်ပြိုးပြည့်ခွင်၊ အားသစ်ဆင်
မဂ်လာအတိ၊ ယဉ်ပါဘိ
စွဲငြိဖွယ်လေ့ တန်ဆောင်ခါ။ ။

ဇော်မင်းမင်းဦး

မကွေးမြို့၌ တန်ဆောင်တိုင် MSME ထုတ်ကုန်ပစ္စည်းများပြပွဲနှင့် ဈေးရောင်းပွဲတော် ကျင်းပ

မကွေး နိုဝင်ဘာ ၂၃

မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့က ကြီးမှူး၍ တန်ဆောင်တိုင် လယ်ယာသုံးစက်ကိရိယာပြပွဲ၊ MSME ထုတ်ကုန်ပစ္စည်းများပြပွဲနှင့် ဈေးရောင်းပွဲတော်ဖွင့်ပွဲကို ယမန်နေ့နံနက်ပိုင်းတွင် မကွေးမြို့ မြသလွန်ဘုရားပွဲတော်ကွင်းပြင်၌ ကျင်းပသည်။

ဖွင့်ပွဲတွင် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်ကိုကိုက အမှာစကားပြောကြားပြီး နယ်မြေခံတပ်နယ်မှတာဝန်ရှိသူများ၊ တိုင်းဒေသကြီးလွှတ်တော်ဒုတိယဥက္ကဋ္ဌ၊ တာဝန်ရှိသူများနှင့်အတူ တန်ဆောင်တိုင် MSME ထုတ်ကုန်ပစ္စည်းများပြပွဲနှင့် ဈေးရောင်းပွဲတော်ကို ဖွင့်လှစ်ပေးကာ ပြခန်းများကို ကြည့်ရှုအားပေးသည်။

အဆိုပါ လယ်ယာသုံးစက်ကိရိယာနှင့် ဒေသထွက်ကုန် MSMEs ထုတ်ကုန်ပစ္စည်းများပြပွဲနှင့် ဈေးရောင်းပွဲတော်ကို နိုဝင်ဘာ ၂၄ ရက်အထိ ကျင်းပသွားမည်ဖြစ်ပြီး မကွေးတိုင်းဒေသကြီးအတွင်းမှ လုပ်ငန်းရှင် ၃၆ဦး၏ လူသုံးကုန်၊ စားသောက်ကုန်၊ တိုင်းရင်းဆေးဝါးများနှင့် လယ်ယာသုံးစက်ကိရိယာများ ပါဝင်ပြသရောင်းချလျက်ရှိသည်။

ထို့ပြင် ပွဲတော်နှင့်အတူ နိုင်ငံကျော်တေးသံရှင်များ၏ ဖျော်ဖြေရေးအစီအစဉ်များကိုလည်း ထည့်သွင်းကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

မောင်ခိုင်မင်း(ပြန်/ဆက်)





မြစ်ကြီးနားမြို့ ဧရာဝတီမြစ်ကမ်းဘေး၌ တန်ဆောင်မုန်းလပြည့်နေ့တွင် Night Market ဖွင့်လှစ်သွားမည်

မြစ်ကြီးနား နိုဝင်ဘာ ၂၃

ကချင်ပြည်နယ် မြစ်ကြီးနားမြို့ ဧရာဝတီမြစ်ကမ်းဘေး၌ တန်ဆောင်မုန်းလပြည့်နေ့တွင် Night Market စတင်ဖွင့်လှစ်သွားမည်ဖြစ်သည်။

ထိုသို့ Night Market ဖွင့်လှစ်နိုင်ရေး ဆောင်ရွက်နေမှု၊ ဆိုင်ခန်းများ နေရာချထားပေးမှု၊ ကလေးပျော်နေရာ ကစားကွင်းဆောင်ရွက်ထားရှိမှုတို့ကို ယနေ့နံနက်ပိုင်းတွင် ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နှင့်အတူ ပြည်နယ်ဝန်ကြီးများနှင့်အတူ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ထို့အတူ Night Market မှတစ်ဆင့် ဧရာဝတီရှုခင်းသာအပန်းဖြေစခန်းသို့သွားသည့် လမ်းဘေး ဝဲ/ယာတွင် နေကြာနှင့် ဆီမုန်ညင်းစိုက်ပျိုးနိုင်ရေး မြေထွန်ယက်နေမှု၊ ရေလျှံတားကျောက်စီ ရေထိန်းတမံရှေ့တွင် စိုက်ပျိုးနိုင်ရေး အင်ဂျန်းခချောင်းရေထိန်းတံခါး ပင်မရေမြောင်း ရှင်းလင်းရေးလုပ်ငန်းနှင့် သာယာလှပရေးလုပ်ငန်းများ ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)

ဖလမ်းမြို့ရှိ တစ်စိတ်တစ်ပိုင်းပျက်စီးသည့် ခရိုင်ဥပဒေရုံး အာရ်စီ သုံးထပ်အဆောက်အအုံ ပြန်လည်ပြုပြင်နေပြီး မြို့နယ်ဥပဒေရုံးယာယီဖွင့်လှစ်ထားရှိရန် စီမံဆောင်ရွက်

ဖလမ်း နိုဝင်ဘာ ၂၃

ချင်းပြည်နယ်အတွင်း ပြန်လည်ထူထောင်ရေး လုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ဖလမ်းမြို့ရှိ တစ်စိတ်တစ်ပိုင်းပျက်စီးသည့် ခရိုင်ဥပဒေရုံး အာရ်စီ သုံးထပ် အဆောက်အအုံ ပြန်လည်ပြုပြင်နေပြီး မြို့နယ်ဥပဒေရုံး ယာယီဖွင့်လှစ်ထားရှိရန် စီမံဆောင်ရွက်လျက်ရှိသည်။



ကြည့်ရှုစစ်ဆေး

အဆိုပါ ပြင်ဆင်မှုလုပ်ငန်းများကို နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်ကျော်ကျော်ဟန်သည် ယနေ့ နံနက်ပိုင်းတွင် ချင်းပြည်နယ် လုံခြုံရေးနှင့် နယ်စပ်ရေးရာ ဝန်ကြီးဗိုလ်မှူးကြီးခင်မောင်ထွေး၊ ချင်းပြည်နယ်အတွင်း ပြန်လည် ထူထောင်ရေးနှင့် ပြန်လည် တည်ဆောက်ရေး ကော်မတီဝင် များနှင့်အတူ ကြည့်ရှုစစ်ဆေးပြီး ဆယ်တင်ပစ္စည်းများ အလေ အလွင့်မရှိစေရေး စနစ်တကျ သိမ်းဆည်းထားရှိရန်နှင့် လုပ်ငန်း အရည်အသွေး ပြည့်မီစေရေး အလေးထား ဆောင်ရွက်ရန် သက်ဆိုင်ရာ တာဝန်ရှိသူများအား ပေါင်းစပ်ညှိနှိုင်းမှာကြားသည်။

ဆက်လက်၍ တစ်စိတ်တစ်ပိုင်းပျက်စီးသည့် ခရိုင်အားကစားနှင့် ကာယပညာဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူးနေအိမ်နှင့် ရုံးအဆောက်အအုံ ပြုပြင်ပြီးစီးမှုနှင့် ရုံးလုပ်ငန်းများဆောင်ရွက်မှု၊ မြို့မတင်းနစ်ကွင်းနှင့် အလုံးစုံပျက်စီးသွားသည့် အားကစားရုံနေရာ၊ ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန၊ ဖလမ်း မြို့နယ် မြေစာရင်းဦးစီးဌာနရုံး အဆောက်အအုံ ပြုပြင်ပြီးစီးမှုနှင့် ရုံးလုပ်ငန်းများ ဆောင်ရွက်နေမှု ကိုကြည့်ရှုစစ်ဆေးပြီး မြေစာရင်း အရှုပ်အရှင်းများ မရှိစေရေး လိုအပ်သလို ကွင်းဆင်းဆောင်ရွက်ရန်၊ မြေပုံမြေရာဇဝင်စာရင်းများ စနစ်တကျပြုစုထားရှိရန် ပေါင်းစပ်ညှိနှိုင်းမှာကြားသည်။

ထို့ပြင် မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန ဝန်ထမ်းအိမ်ရာ နှစ်ခန်းတွဲ တစ်ထပ် ပြုပြင်ပြီးစီးမှုနှင့် ဝန်ထမ်းများ အခြေချနေထိုင်မှု အခြေအနေ၊ မိခင်နှင့် ကလေး စောင့်ရှောက်ရေး အသင်းအဆောက်အအုံ ပြုပြင်ပြီးစီးမှုကို ကြည့်စစ်ဆေးခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

ပေါင်းတည်၌ ပဲစောင်းလျားသီးများ လှိုင်လှိုင်ထွက်ရှိ

ပေါင်းတည် နိုဝင်ဘာ ၂၃

ပဲခူးတိုင်းဒေသကြီး ပေါင်းတည်မြို့နယ်၌ ဆောင်းရာသီ ဟင်းသီးဟင်းရွက်စိုက်ခင်းများမှ ပဲစောင်းလျားသီးများ လှိုင်လှိုင်ထွက်ရှိနေပြီး ယခုအချိန်တွင် ဆွတ်ခူးရောင်းချနေရပြီဖြစ်သည်။

ပဲစောင်းလျားပင်ကို မိုးရာသီအကုန်ရက်များတွင် စတင်စိုက်ပျိုးကြကြောင်း၊ မျိုးစေ့ကို ခြောက်နာရီခန့်ရေစိမ်ပြီး မြေဩဇာထည့်ထားသော မြေတွင်းငယ်တစ်တွင်းလျှင် မျိုးစေ့ လေး၊ ငါးစေ့ခန့် ထည့်၍ ပြန်လည်မြေအုပ်ပြီး ရေလောင်းပေးရကြောင်း၊ ပျိုးပင်များအနီးရေမဝပ်ရန်လိုအပ်ကြောင်း၊ ထိုမြေတွင်းငယ်များကို နှစ်ပေခန့် ခြားထားရပြီး လေဝင်လေထွက်ကောင်းမွန်ရန်လည်း လိုအပ်ကြောင်း၊ ပုံမှန်ရေလောင်း၍ ၁၀ ရက်ခန့်တွင် အပင်ငယ်များ ထွက်ရှိပြီး တိုင်များထောင်ပေးရကြောင်း၊ တစ်လခန့်အကြာတွင် စတင်ခူးဆွတ်ရောင်းချနိုင်ကြောင်း၊ တစ်ခိုင်လျှင် ခြောက်တောင့်ခန့် သီးကြောင်းနှင့် တစ်ပင်လျှင် သုံးလခန့် ခူးဆွတ်ရောင်းချနိုင်ကြောင်း တောင်သူတစ်ဦးက ရှင်းပြသည်။

ယခုနှစ် ဆောင်းရာသီတွင် ပေါင်းတည်မြို့နယ်၌ ပဲစောင်းလျား အပါအဝင် ဟင်းသီးဟင်းရွက်မျိုးစုံ ၁၁၂၅ ဧက လျာထားစိုက်ပျိုးလျက်ရှိကြောင်း သိရသည်။

ရွှေသား(IPRD)



မြန်အောင်မြို့နယ် တောင်ပတ်လည်ကျေးရွာ၌ ကုန်ထုတ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်

မြန်အောင် နိုဝင်ဘာ ၂၃

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ဧရာဝတီတိုင်းဒေသကြီး မြန်အောင်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက မြန်အောင်မြို့နယ် ထိန်သေးကြီးကျေးရွာအုပ်စု တောင်ပတ်လည်ကျေးရွာ၌ ကုန်ထုတ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို ခရိုင်ဦးစီးမှူးနှင့် တာဝန်ရှိသူများက နိုဝင်ဘာ ၂၀ ရက်တွင် ကွင်းဆင်းစစ်ဆေးသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် မြန်အောင်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးမောင်တင်အောင်၊ မြန်အောင်မြို့နယ်ဦးစီးမှူး ဦးနေဇော်ထက်နှင့် တာဝန်ရှိသူများသည် ကျေးရွာကုန်ထုတ်လမ်း ဖြစ်မြောက်ရေးကော်မတီဝင်များနှင့်အတူ တောင်ပတ်လည်ကျေးရွာ၌ ကုန်ထုတ်လမ်းအရှည် ၃ ဒသမ ၇၈၇ ဖာလုံကို အကျယ် ရှစ်ပေ ခြောက်လက်မ၊ ၃ သုံးပေ မြေသားလမ်းတိုးချဲ့ခြင်း၊ အကျယ် ၁၆ ပေ၊ ၃ တစ်ပေ မြေသားတာပေါင်တင်ခြင်း၊ အကျယ် ၁၂ ပေ၊ ၃ ကိုးလက်မ ချောင်းကျောက်ခင်းခြင်းနှင့် Box Culvert နှစ်စင်းတည်ဆောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

အဆိုပါ ကျေးရွာကုန်ထုတ်လမ်းနှင့် ဆက်စပ်လုပ်ငန်းများကို ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်တွင် ပြည်ထောင်စုရန်ပုံငွေကျပ် ၂၉၅ ဒသမ ၈၈ သန်းဖြင့် UATL Construction Group ကုမ္ပဏီက တာဝန်ယူ၍ ဇူလိုင် ၁ ရက်တွင် စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ ၄၅ ရာခိုင်နှုန်းကျော်ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

ဖြိုးစုနိုင်(ကျေးလက်)

ထိုင်းနိုင်ငံ၌ လွိုင်ကရာသုံပွဲတော်ကျင်းပရေးအတွက် စောင့်ကြည့်စစ်ဆေးမှုများဆောင်ရွက်

ဗန်ကောက် နိုဝင်ဘာ ၂၃

ထိုင်းနိုင်ငံ၏ မြို့တော်ဗန်ကောက်တွင် လာမည့်သီတင်းပတ်၌ ကျင်းပမည့် လွိုင်ကရာသုံပွဲတော်ကာလအတွင်း ပွဲတော်ကျင်းပရာနေရာ ၁၂၁ ခုကို ၂၄ နာရီပတ်လုံး စောင့်ကြည့်စစ်ဆေးသွားမည်ဖြစ်ပြီး ကျောက်ဖယားမြစ်ပေါ်တွင် အဆိုးရွားဆုံးအခြေအနေမျိုး ကြုံတွေ့လာပါက မည်သို့တုံ့ပြန်ဆောင်ရွက်ရမည်ကို ကြိုတင်လေ့ကျင့်ထားရန် ကယ်ဆယ်ရေးအဖွဲ့အစည်းများအား တာဝန်ရှိသူများက ညွှန်ကြားထားသည်။



သက်ဆိုင်ရာ အဖွဲ့အစည်းများအနေဖြင့် ပုံမှန်ပြုလုပ်နေကျ အသက်ကယ်လေ့ကျင့်ခန်းများထက် ပိုမိုကျယ်ပြန့်စွာ ပြင်ဆင်ဆောင်ရွက်ထားရန် လိုအပ်ကြောင်း ဗန်ကောက်မြို့တော်ဝန်ချတ်ချတ်စစ်တီပန်က မြို့တော်အုပ်ချုပ်ရေးအဖွဲ့ တာဝန်ရှိသူများအား ပြောကြားခဲ့သည်။

အန္တရာယ်အများဆုံး အရေးပေါ်အခြေအနေများအတွက် ကြိုတင်စီမံထားရန် လိုအပ်ပြီး ယင်းသို့သော အခြေအနေမျိုးတွင် အခြားပြင်ပအဖွဲ့အစည်းများထံမှ မည်သို့အကူအညီတောင်းခံမည်၊ အကူအညီများ မည်မျှမြန်ဆန်စွာရောက်ရှိလာနိုင်မည်စသည်တို့ကိုပါ ထည့်သွင်းစဉ်းစားပြင်ဆင်ထားရမည် ဖြစ်ကြောင်း ၎င်းက ညွှန်ကြားခဲ့သည်။

နိုဝင်ဘာ ၂၄ ရက်တွင် ကျရောက်မည့် ပွဲတော်ညတွင် ဒေသခံအများအပြားသည် မြစ်များနှင့် တူးမြောင်းများတစ်လျှောက် စုဝေးရောက်ရှိလာမည်ဖြစ်ပြီး "ကရာသုံ" ဟုခေါ်သော အလှဆင်ထားသည့် ခြင်းငယ်လေးများကို ရေပေါ်သို့ မျှောချကြမည်ဖြစ်သည်။ ပွဲတော်ကျင်းပမည့်နေရာ ၁၂၁ ခုတွင် အများပြည်သူပိုင်ပန်းခြံ ၃၅ ခုနှင့် ရပ်ရွာအသိုင်းအဝိုင်းနှင့် ဘုန်းတော်ကြီးကျောင်းများစသည့် နေရာ ၈၆ ခု ပါဝင်သည်။ မြို့တော်အာဏာပိုင်များက နိုင်ငံသားများအနေဖြင့် မီးရှူးမီးပန်းများ ရောင်းချခြင်း သို့မဟုတ် ပစ်လွှတ်ခြင်း မပြုလုပ်ကြရန် တားမြစ်ထားသည်။ မီးပုံးပျံများ မီးရှူးမီးပန်းများနှင့် ဒုံးပျံပုံစံမီးရှူးမီးပန်းများ အသုံးပြုလိုပါက ခရိုင်အာဏာပိုင်များထံမှ ခွင့်ပြုချက်ရယူရန် လိုအပ်ကြောင်းသိရသည်။ အဆိုပါပွဲတော် ကျင်းပခြင်းမရှိသည့် ခရိုင်များအပါအဝင် ခရိုင် ၅၀ လုံး အနေဖြင့် မီးဘေးလုံခြုံရေးဆိုင်ရာ စည်းမျဉ်းများကို တင်းကျပ်စွာလိုက်နာစေရန်နှင့် ဘားများ၊ ဖျော်ဖြေရေးဆိုင်ရာ နေရာများ ပိတ်သိမ်းရမည့်အချိန်များကို တိကျစွာလိုက်နာစေရန် ၎င်းက ညွှန်ကြားခဲ့သည်။

ဆင်ဟွာ

တရုတ်နိုင်ငံ၌ မိခင်နှင့်ကလေးစောင့်ရှောက်ရေးဆေးရုံများ ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်

ပေကျင်း နိုဝင်ဘာ ၂၃

တရုတ်နိုင်ငံ၌ ကိုယ်ဝန်ဆောင် အမျိုးသမီးများ၊ ကလေးမီးဖွားပြီးစမိခင်များနှင့် ကလေးငယ်များအတွက် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ပိုမိုအဆင်ပြေစေရန်အတွက် "မိခင်နှင့် ကလေးစောင့်ရှောက်ရေးဆေးရုံများ ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရုတ်နိုင်ငံ အမျိုးသားကျန်းမာရေးကော်မရှင်၏ နိုဝင်ဘာ ၂၃ ရက် ထုတ်ပြန်ချက်အရ သိရသည်။



အမျိုးသား ကျန်းမာရေးကော်မရှင်သည် အမျိုးသမီးများနှင့် ကလေးငယ်များအတွက် ဆေးကုသမှုဆိုင်ရာ ဝန်ဆောင်မှုများ ပိုမိုကောင်းမွန်လာစေရန် ရည်ရွယ်သည့် အစီအမံများစွာကို ဖော်ပြထားသော ညွှန်ကြားချက်တစ်စောင်ကို ထုတ်ပြန်ခဲ့ရာတွင် အဆိုပါညွှန်ကြားချက်၌ ၎င်း ဆေးရုံများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စီမံခန့်ခွဲမှုအပိုင်းကို အားကောင်းလာစေရန် လမ်းညွှန်ချက်များ ပါဝင်ကြောင်း သိရသည်။

အဆိုပါ ထုတ်ပြန်ချက်အရ မိခင်နှင့်ကလေးစောင့်ရှောက်ရေး ဆေးရုံများတွင် မီးဖွားဆောင်များ၌ လူတစ်ဦး သို့မဟုတ် နှစ်ဦးသာ နေထိုင်နိုင်သည့် အခန်းများကို ထည့်သွင်းခြင်း၊ အမျိုးသမီးများကို ဗဟိုပြုသည့် သီးသန့်စောင့်ရှောက်မှုများပေးခြင်းနှင့် မီးဖွားခြင်း လုပ်ငန်းစဉ်ကို ပိုမိုသက်သောင့်သက်သာရှိစေရန် အလေးပေးဆောင်ရွက်သွားမည် ဖြစ်သည်။ ထို့ပြင် ဆေးရုံများအနေဖြင့် မျိုးပွားနိုင်စွမ်း ထိန်းသိမ်းစောင့်ရှောက်ရေးကို အားဖြည့်ရန်၊ ကိုယ်ဝန်ဆောင်ကာလ အစောပိုင်းရှိ အမျိုးသမီးများအတွက် စောင့်ရှောက်မှု ပိုမိုကောင်းမွန်စေရန်၊ မွေးရာပါချို့ယွင်းချက်များကို ကာကွယ်ကုသခြင်း လုပ်ငန်းစဉ်များကို အားကောင်းစေရန်နှင့် အသက်အန္တရာယ် စိုးရိမ်ရသည့် ကိုယ်ဝန်ဆောင် အမျိုးသမီးများနှင့် မွေးကင်းစကလေးငယ်များအတွက် အရေးပေါ်ကုသမှုစနစ်ကို မြှင့်တင်ရန်လည်း အဆိုပါညွှန်ကြားချက်တွင် တိုက်တွန်းထားသည်။

ဆေးရုံများသည် ၎င်းတို့၏ အဆောက်အအုံများကို ကလေးများအတွက် ပိုမိုသင့်လျော်အဆင်ပြေစေရန်နှင့် အသုံးပြုသူများအတွက် အဆင်ပြေလွယ်ကူမှုကို အဓိကထားသည့် ဝန်ဆောင်မှုများကို တိုးချဲ့ဆောင်ရွက်သွားမည်ဖြစ်ပြီး ၎င်းတို့တွင် ပြည့်စုံသော ပြင်ပလူနာကုသမှု ဝန်ဆောင်မှုများ၊ ကြိုတင်ချိန်းဆိုမှုအပေါ် အခြေခံသည့် ဝန်ဆောင်မှုများနှင့် မိသားစုပုံစံ လူနာဆောင်များကို အကောင်အထည်ဖော်ဆောင်ရွက်မည်ဖြစ်သည်။

"ကလေးမွေးဖွားရန် အဆင်ပြေကောင်းမွန်သော လူ့အဖွဲ့အစည်း" တစ်ရပ် တည်ဆောက်ရေးသည် တရုတ်နိုင်ငံ၏ (၁၅) ကြိမ်မြောက် ငါးနှစ်စီမံကိန်း (၂၀၂၆-၂၀၃၀) တွင် အဓိကအာရုံစိုက်ဆောင်ရွက်ရမည့်အချက်တစ်ချက် ဖြစ်လာသည်။ အဆိုပါ စီမံကိန်းမူဘောင်တွင် ကလေးမွေးဖွားမှုကို အားပေးသည့်မက်လုံးများအပြင် ကလေးမွေးဖွားခြင်း၊ ကလေးပြုစုစောင့်ရှောက်ခြင်းနှင့် ပညာရေးစရိတ်များကို လျှော့ချရန် ကြိုးပမ်းမှုများ ပါဝင်သည်။

တရုတ်နိုင်ငံသည် ကိုယ်ဝန်ဆောင်မိခင်များ အတွက် ဝန်ဆောင်မှုများကိုလည်း တိုးချဲ့ဆောင်ရွက်ခဲ့သည်။ နိုင်ငံတစ်ဝန်း ကိုယ်ဝန်ဆောင်ကာလ အစောပိုင်း စောင့်ရှောက်မှုပေးသည့် ဆေးခန်းပေါင်း ၁၂၅၆၂ ခုကို တည်ထောင်ထားကြောင်းနှင့် ၎င်း ဆေးခန်းများသည် ခရိုင်အများစုတွင် ရှိနေပြီး ကိုယ်ဝန်ဆောင် အမျိုးသမီးများအနေဖြင့် ကိုယ်ဝန်ဆောင်ကာလ အစောပိုင်းအဆင့်များတွင် အကြံဉာဏ်ရယူခြင်းနှင့် အခြားဝန်ဆောင်မှုများကို ရရှိနိုင်မည်ဖြစ်ကြောင်း အမျိုးသား ကျန်းမာရေးကော်မရှင် ဥက္ကဋ္ဌ လီဟိုင်ချီကပြောကြားသည်။

ဆင်ဟွာ

■



သီရိလင်္ကာနိုင်ငံရှိ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးရေးအတွက် အာရှဖွံ့ဖြိုးရေးဘဏ်က ချေးငွေပေးအပ်

ကိုလံဘို နိုဝင်ဘာ ၂၃

သီရိလင်္ကာနိုင်ငံရှိ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ အားကောင်းလာစေရန် ရည်ရွယ်၍ အမေရိကန်ဒေါ်လာသန်း ၂၀၀ တန်ဖိုးရှိ ချေးငွေအစီအစဉ်တစ်ခုကို အာရှဖွံ့ဖြိုးရေးဘဏ်က အတည်ပြုလိုက်ကြောင်း နိုဝင်ဘာ ၂၃ရက်တွင် ထုတ်ပြန်ကြေညာခဲ့သည်။

အဆိုပါအစီအစဉ်အရ MSMEs လုပ်ငန်းများအတွက် ငွေကြေးအရင်းအမြစ်များရရှိနိုင်မှုကို ချဲ့ထွင်ပေးခြင်းနှင့် စီးပွားရေးဆိုင်ရာနှင့် ရာသီဥတုပြောင်းလဲမှုကြောင့် ဖြစ်ပေါ်လာနိုင်သည့် ထိခိုက်မှုများကို ခံနိုင်ရည်ရှိစေရန် ကူညီပေးမည်ဖြစ်သည်။

အဆိုပါအစီအစဉ်တွင် MSMEs များအတွက် ငွေကြေးဆိုင်ရာ ပတ်ဝန်းကျင်ကောင်းများ ဖန်တီးပေးရန် မူဝါဒအခြေပြုချေးငွေ အမေရိကန်ဒေါ်လာသန်း ၁၀၀ နှင့် ဘဏ္ဍာရေးကြားခံချေးငွေ အမေရိကန်ဒေါ်လာသန်း ၁၀၀ တို့ ပါဝင်သည်။

၎င်းတို့အနက် ဒေါ်လာ သန်း ၄၀ ကို သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာစီမံကိန်းများအတွက် ထုတ်ချေးမည့် အစိမ်းရောင်ချေးငွေများအဖြစ် သတ်မှတ်ထားသည်။ သီရိလင်္ကာနိုင်ငံ၏ စုစုပေါင်း ပြည်တွင်းထုတ်ကုန်တန်ဖိုးတွင် MSMEs လုပ်ငန်းများက ၅၂ ရာခိုင်နှုန်းကျော် ပါဝင်နေပြီး အလုပ်အကိုင်အခွင့်အလမ်းစုစုပေါင်း၏ ၄၅ ရာခိုင်နှုန်းကိုလည်း ၎င်းတို့က ဖန်တီးပေးထားကြောင်း ADB၏ ထုတ်ပြန်ချက်အရ သိရသည်။

သို့သော်လည်း အဆိုပါလုပ်ငန်းများသည် ငွေကြေးအရင်းအမြစ်ရရှိရန်ခက်ခဲခြင်း၊ ဒီဂျစ်တယ်စနစ်အသုံးပြုမှု နည်းပါးခြင်း၊ ရာသီဥတုဆိုင်ရာ ဘေးအန္တရာယ်များနှင့် အခြားသောထိခိုက်မှုဒဏ်များကို ခံနိုင်ရည်အား နည်းပါးခြင်းစသည့် အခက်အခဲများနှင့် ဆက်လက်ရင်ဆိုင်နေရဆဲဖြစ်သည်။ ယခုအစီအစဉ်သည် ဘဏ္ဍာရေးဝန်ဆောင်မှုများအားလုံး လက်လှမ်းမီရရှိနိုင်ရေး၊ ချေးငွေဆိုင်ရာအချက်အလက်စနစ်များ၊ ဒီဂျစ်တယ်ဘဏ္ဍာရေးအခြေခံအဆောက်အအုံများ၊ ဘဏ္ဍာရေးဆိုင်ရာဗဟုသုတနှင့် စားသုံးသူအကာအကွယ်ပေးရေးတို့ကို တိုးတက်ကောင်းမွန်လာစေရန် ရည်ရွယ်သည့် ပြုပြင်ပြောင်းလဲမှုများကို အထောက်အကူပြုမည်ဖြစ်သည်။

ထို့ပြင် အသေးစားငွေကြေးဝန်ဆောင်မှုနှင့် ချေးငွေဆိုင်ရာ ကြီးကြပ်ကွပ်ကဲရေးအာဏာပိုင်အဖွဲ့ ဖွဲ့စည်းခြင်း၊ ချေးငွေအာမခံချက်စနစ်များ တိုးချဲ့ခြင်းနှင့် မမျှတသည့် အတိုးနှုန်းများဖြင့် ငွေထုတ်ချေးသည့်လုပ်ရပ်များကို လျှော့ချရန် ဆောင်ရွက်ချက်များကိုလည်း အဆိုပါအစီအစဉ်က ပံ့ပိုးသွားမည်ဖြစ်သည်။

ဆင်ဟွာ

ကမ္ဘောဒီးယားနိုင်ငံ၌ အသေးစားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းဆိုင်ရာ ထုတ်ကုန်ပြပွဲကျင်းပ

ဖနောင်ပင် နိုဝင်ဘာ ၂၃

ကမ္ဘောဒီးယားနိုင်ငံ၏ ပြည်တွင်းထုတ်ကုန်ထုတ်လုပ်သူများကို ပိုမိုကျယ်ပြန့်သောဈေးကွက်များနှင့် ချိတ်ဆက်ပေးရန် ရည်ရွယ်ကျင်းပသည့် စတုတ္ထအကြိမ်မြောက် ကမ္ဘောဒီးယားနိုင်ငံ အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းဆိုင်ရာ ထုတ်ကုန်ပြပွဲအား နိုဝင်ဘာ ၂၁ ရက်တွင် ဝန်ကြီးချုပ် ဟွန်မာနတ်က ဖွင့်လှစ်ပေးခဲ့ကြောင်းသိရသည်။

နိုဝင်ဘာ ၂၂ ရက်အထိ ကျင်းပမည့် အဆိုပါပြပွဲတွင် ပြည်တွင်းထုတ်ကုန်အမျိုး တစ်ထောင်ကျော်အား ပြခန်းပေါင်း ၃၀၀ကျော်တွင် ခင်းကျင်းပြသမည်ဖြစ်သည်။

အဆိုပါ အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများဆိုင်ရာ ထုတ်ကုန်ပြပွဲသည် စားသုံးသူ၊ လက်ကားရောင်းချသူနှင့် ကုန်ပစ္စည်းဖြန့်ဖြူးသူများအကြား တိုက်ရိုက်ချိတ်ဆက်ပေးမည့် စင်္ကြံအဖြစ် ဆောင်ရွက်ပေးမည်ဖြစ်ကာ နိုင်ငံသားများအား ပြည်တွင်းထုတ်ကုန်သုံးစွဲမှုမြှင့်တင်ရေးနှင့် ပြည်ပသွင်းကုန်များအပေါ် မှီခိုမှုလျှော့ချရေးအတွက် ဆောင်ရွက်မည်ဖြစ်ပြီး ထုတ်လုပ်သူများဘက်မှလည်း အရည်အသွေး ပြည့်မီသန့်ရှင်းလတ်ဆတ်သည့် ထုတ်ကုန်များကို ထုတ်လုပ်ကြရန် ဝန်ကြီးချုပ်က ပြပွဲအတွင်း တိုက်တွန်းခဲ့သည်။

လက်ရှိအချိန်တွင် ကမ္ဘောဒီးယားနိုင်ငံ ဈေးကွက်အတွင်း လည်ပတ်နေသော ကုန်ပစ္စည်းများအနက် ဒေသထွက်ကုန်ပစ္စည်းများမှာ ၃၀ ရာခိုင်နှုန်းခန့်ရှိကြောင်း သိရသည်။

အဆိုပါပြပွဲကို နိုင်ငံတစ်ဝန်းရှိ စီးပွားရေးလုပ်ငန်းရှင်များအား ဈေးကွက်အခွင့်အလမ်းများကို ရယူနိုင်ရန်၊ ထောက်ပံ့ပို့ဆောင်ရေးကွင်းဆက်များကို ခိုင်မာအားကောင်းစေရန်၊ အလုပ်အကိုင်များ ဖန်တီးပေးရန်နှင့် ထုတ်ကုန်စံချိန်စံညွှန်းများကို မြှင့်တင်နိုင်ရန် ရည်ရွယ်၍ စီစဉ်ကျင်းပခြင်းဖြစ်ကြောင်း ကမ္ဘောဒီးယားနိုင်ငံ အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများအသင်းချုပ်ဥက္ကဋ္ဌ တေတိုင်ပေါ်ကပြောကြားသည်။

ဆင်ဟွာ

ယူနီဖောင်း၏ ဂုဏ်သိက္ခာနှင့် အဖွဲ့အစည်းတစ်ရပ်၏ စည်းလုံးညီညွတ်မှု

ဉာဏ်သစ်(မန်းတက္ကသိုလ်)

လူ့အဖွဲ့အစည်းတစ်ရပ် ဖွံ့ဖြိုးတိုးတက်ရန် အတွက် လူတစ်ဦးချင်းစီ၏အခန်းကဏ္ဍနှင့် လုပ်ငန်းတာဝန်များက အရေးပါလှသည်။ ကျောင်းသားများကအနာဂတ်အတွက်ပညာသင်ယူနေကြသူများဖြစ်ပြီး ဆရာ ဆရာမများက အသိပညာနှင့် အတတ်ပညာကို မျှဝေပေးသူများဖြစ်ကြသည်။

ဆရာဝန်များနှင့် ကျန်းမာရေးဝန်ထမ်းများက လူ့အသက်နှင့် ကျန်းမာရေးကို စောင့်ရှောက်ကြသကဲ့သို့ နည်းပညာနှင့် အသက်မွေးဝမ်းကျောင်းပညာ (TVET) ကျွမ်းကျင်လုပ်သားများက နိုင်ငံ၏ စက်မှု၊ ဆောက်လုပ်ရေးနှင့် ဝန်ဆောင်မှုကဏ္ဍများတွင် လက်တွေ့ကျသော လုပ်ငန်းတာဝန်များကို ထမ်းဆောင်ကြသည်။ လုပ်ငန်းတာဝန်များ မတူညီကြသော်လည်း လူတိုင်း၏လုပ်ဆောင်မှုသည် လူ့အဖွဲ့အစည်းအတွက် တန်ဖိုးရှိသည်။

ထိုကဲ့သို့ မတူညီသောအခန်းကဏ္ဍများကို တစုတစည်းတည်း ချိတ်ဆက်ပေးသည့်အဖွဲ့အစည်းဆိုင်ရာ သင်္ကေတတစ်ခုမှာ ယူနီဖောင်းဖြစ်သည်။ ကျောင်းဝတ်စုံ၊ ဆရာဝန်၏ အဖြူရောင် တာဝန်ကုတ်အင်္ကျီ၊ သူနာပြုဝတ်စုံ၊ TVET သင်တန်းသားများနှင့် ကျွမ်းကျင်လုပ်သားများ၏ လုပ်ငန်းဝတ်စုံတို့သည် အရောင်နှင့် ဒီဇိုင်း မတူညီကြသော်လည်း ဝတ်ဆင်သူ၏အဖွဲ့အစည်း၊ တာဝန်နှင့် လုပ်ငန်းသဘောသဘာဝကို ဖော်ပြပေးကြသည်။

ယူနီဖောင်းကို အဖွဲ့အစည်းတစ်ခု၏အကာအကွယ် အဖြစ်တစ်ခုနှင့် နှိုင်းယှဉ်နိုင်သည်။ အဖွဲ့ဝင်များအား တူညီသောရည်မှန်းချက်အောက်တွင် စည်းလုံးစေပြီး တာဝန်များကို စနစ်တကျ ဆောင်ရွက်နိုင်ရန် အထောက်အကူပြုသောကြောင့် ဖြစ်သည်။ သို့သော် ယူနီဖောင်း၏အဓိပ္ပာယ်သည် ဝတ်ဆင်ထားခြင်းတစ်ခုတည်းတွင် မပြီးဆုံးဘဲ ယင်းကို ကိုယ်စားပြုသည့်တာဝန်၊ စည်းကမ်း၊ လုံခြုံရေးနှင့် အပြန်အလှန်လေးစားမှုတို့ကို လက်တွေ့ကျင့်သုံးနိုင်ခြင်းတွင် ပိုမိုပြည့်စုံလာသည်။

ကျောင်းသားနှင့် ဆရာ ဆရာမတို့၏ဝတ်စုံ ပညာရေး၏ အမှတ်သညာနှင့် အမှတ်တရ

ယူနီဖောင်းသည် အဖွဲ့အစည်းတစ်ခု၏ အမှတ်သညာကို မြင်သာစွာ ဖော်ပြပေးသည့် အမှတ်အသားတစ်ခုဖြစ်သည်။ လူအများစုသည် ငယ်စဉ်ကလေးဘဝမှစ၍ ကျောင်းသားဘဝကို ဖြတ်သန်းခဲ့ကြပြီး ကျောင်းဝတ်စုံကို ဝတ်ဆင်ကာ ပညာသင်ယူခဲ့ကြသည့် အမှတ်တရများလည်း ရှိကြသည်။ ကျောင်းဝတ်စုံသည် အဝတ်အစားတစ်စုံမျှသာမဟုတ်ဘဲ ပညာသင်ယူမှု၏ အစပြုရာ၊ မိတ်ဆွေသူငယ်ချင်းများနှင့် အတူတကွ ကြိုးစားခဲ့ရသည့် နေ့ရက်များနှင့် ကျောင်းဘဝ၏ ရင်းနှီးနွေးထွေးမှုတို့ကို ပြန်လည်သတိရစေသည့် သင်္ကေတတစ်ခု ဖြစ်သည်။

ကျောင်းသား ကျောင်းသူများ တူညီသော ဝတ်စုံကို ဝတ်ဆင်ကြခြင်းသည် မိသားစုနောက်ခံ၊ လူမှုအဆင့်အတန်းနှင့် ကိုယ်ပိုင်အခြေအနေများ မတူညီကြသော်လည်း ကျောင်းသားများ ဖြစ်ကြောင်း ဖော်ပြပေးသည်။ ထိုသို့ တူညီစွာ ဝတ်ဆင်ခြင်းမှတစ်ဆင့် အချင်းချင်းရင်းနှီးမှု၊ စည်းလုံးညီညွတ်မှုနှင့် ကျောင်းအပေါ် ချစ်ခင်ဂုဏ်ယူမှုတို့လည်း တိုးပွားစေနိုင်သည်။

ကျောင်းဝတ်စုံကို သန့်ရှင်းသပ်ရပ်စွာ ဝတ်ဆင်ခြင်းသည် မိမိကိုယ်ကို လေးစားတတ်မှုနှင့် စည်းကမ်းရှိမှုကို လက်တွေ့ဖော်ပြခြင်းဖြစ်သည်။ သတ်မှတ်ထားသော ဝတ်စုံစည်းကမ်းကို လိုက်နာခြင်း၊ အချိန်မှန်ကျောင်းတက်ခြင်း၊ စာသင်ခန်းနှင့် ကျောင်းပတ်ဝန်းကျင်ကို သန့်ရှင်းစွာထိန်းသိမ်းခြင်းတို့သည် ကျောင်းသားဘဝမှ စတင်သင်ယူရသော ကောင်းမွန်သည့်အလေ့အကျင့်များ ဖြစ်ကြသည်။

ထို့ပြင် ကျောင်းဝတ်စုံသည် အဝတ်အစား အပေါ် အလွန်အကျွံယှဉ်ပြိုင်မှုများကို လျော့နည်းစေပြီး ကျောင်းသားများအား ပညာသင်ယူမှု၊ အရည်အချင်းဖွံ့ဖြိုးမှုနှင့် အချင်းချင်း ပူးပေါင်းဆောင်ရွက်မှုတို့အပေါ် ပိုမိုအာရုံစိုက်နိုင်ရန် အထောက်အကူပြုသည်။ ဝတ်စုံတူညီခြင်းသည် လူတိုင်း၏အရည်အချင်းနှင့် ကိုယ်ပိုင်ထူးခြားချက်များ တူညီသွားခြင်းမဟုတ်ဘဲ မတူညီသောအရည်အချင်းများကို တန်းတူအခွင့်အလမ်းရှိသည့် ပညာသင်ယူမှုပတ်ဝန်းကျင်တစ်ခုအတွင်း ဖွံ့ဖြိုးစေခြင်းဖြစ်သည်။

အလားတူ ဆရာ ဆရာမများ၏ ဝတ်စား ဆင်ယင်မှုသည်လည်း ပညာရေးအဖွဲ့အစည်းတစ်ခု၏ ဂုဏ်သိက္ခာနှင့် သင်ကြားရေးတာဝန်ကို ထင်ဟပ်စေသည်။ သန့်ရှင်းသပ်ရပ်ပြီး လုပ်ငန်းခွင်နှင့် သင့်လျော်သော ဆရာ ဆရာမတို့၏ ဝတ်စား ဆင်ယင်မှုသည် ကျောင်းသားများအတွက် စံနမူနာ ကောင်းတစ်ခုဖြစ်စေသည်။ ဆရာ ဆရာမများသည် အသိပညာကို သင်ကြားပေးသူများသာမက အပြုအမူ၊ စည်းကမ်းနှင့် လူမှုဆက်ဆံရေးတို့ကိုပါ လက်တွေ့ပြသပေးကြသူများဖြစ်သည်။ ထို့ကြောင့် ဝတ်စုံနှင့် အသွင်အပြင်သည် သင်ကြားရေးအပေါ် လေးနက်မှု၊ ကျောင်းသားများအပေါ် လေးစားမှုနှင့် မိမိတာဝန်အား တန်ဖိုးထားမှုကို ဖော်ပြနိုင်သည်။ ကျောင်းသားများနှင့် ဆရာ ဆရာမများသည် ဝတ်စုံစုံပုံစံမတူညီကြသော်လည်း ပညာရေး၏ တူညီသောရည်မှန်းချက်အောက်တွင် အတူတကွ ရပ်တည်နေကြသူများဖြစ်သည်။

ထို့ကြောင့် ကျောင်းဝတ်စုံသည် ကျောင်းသားဘဝ၏ အမှတ်တရတစ်ခုအဖြစ်သာမက စည်းကမ်း၊ ပညာသင်ယူလိုစိတ်၊ မိတ်ဆွေသံယောဇဉ်နှင့် အဖွဲ့အစည်းအပေါ် ချစ်ခင်ဂုဏ်ယူမှုတို့ကို ပျိုးထောင်ပေးသည့် တန်ဖိုးရှိသော သင်္ကေတတစ်ခုဖြစ်သည်။ ယနေ့ ကျောင်းဝတ်စုံကို မြင်တွေ့ရသည့်အခါ မိမိတို့၏ ငယ်စဉ်ကျောင်းသားဘဝကို ပြန်လည်သတိရနိုင်သကဲ့သို့ မျိုးဆက်သစ်ကလေးများ ပညာသင်ယူနေကြသည့် အနာဂတ်မျှော်လင့်ချက်ကိုလည်း မြင်တွေ့နိုင်သည်။ ကျောင်းသားများက မိမိတို့၏ ကျောင်းဝတ်စုံကို ဂုဏ်ယူစွာဝတ်ဆင်ကြပြီး ဆရာ ဆရာမများကလည်း မိမိတို့၏ ပညာပေးတာဝန်နှင့် လျော်ညီသောအသွင်အပြင်ကို ထိန်းသိမ်းကြပါက ကျောင်းတစ်ကျောင်း၏ အမှတ်သညာသည် ပိုမိုတင့်တယ်လာမည်ဖြစ်သည်။

မြန်မာနိုင်ငံတွင်လည်း ပညာရေးဝန်ကြီးဌာန၏ ပညာသင်နှစ်အလိုက် ကျောင်းအပ်နှံရေးအစီအစဉ်များ၌ ကျောင်းဝတ်စုံနှင့် ပညာသင်ထောက်ကူပစ္စည်းများ ပံ့ပိုးပေးမှုကို တွေ့မြင်နိုင်သည်။ ယင်းသည် ကျောင်းသားများ ပညာသင်ယူရာတွင် အထောက်အကူပြုသည့်အပြင် မိသားစုများ၏ ဝတ်စုံကုန်ကျစရိတ်ကိုလည်း လျော့ချပေးနိုင်သည့် အစီအစဉ်ဖြစ်သည်။ ထို့ကြောင့် ကျောင်းဝတ်စုံသည် ကျောင်း၏ အမှတ်သညာတစ်ခုသာမက ပညာသင်ယူခွင့်ကို ပံ့ပိုးပေးသည့် အစိတ်အပိုင်းတစ်ခုလည်းဖြစ်သည်။

တာဝန်နှင့် ဝန်ဆောင်မှုအပေါ် ယုံကြည်မှုတည်ဆောက်ခြင်း

လုပ်ငန်းအမျိုးအစားအလိုက် သတ်မှတ်ထားသော ယူနီဖောင်းများသည် ဝန်ဆောင်မှုရယူသူများအတွက် မိမိတို့နှင့်ဆက်သွယ်ရမည့် တာဝန်ရှိသူကို သိရှိစေရန် ကူညီပေးသည်။ ဆေးရုံတစ်ရုံတွင် ဆရာဝန်၏ အဖြူရောင်ကုတ်အင်္ကျီ၊ သူနာပြုနှင့် အခြားကျန်းမာရေးဝန်ထမ်းများ၏ သီးခြားဝတ်စုံများကို တွေ့မြင်ရခြင်းက လူနာများအနေဖြင့် မည်သူ့ထံမှ မည်သည့်အကူအညီကို ရယူနိုင်ကြောင်း ခွဲခြားသိရှိစေသည်။ ဆရာဝန်၏ အဖြူရောင် ကုတ်အင်္ကျီသည် ဆေးပညာဆိုင်ရာကျွမ်းကျင်မှုနှင့် တာဝန်ယူမှုကို ကိုယ်စားပြုသည့် သင်္ကေတတစ်ခု ဖြစ်သကဲ့သို့ လူနာများအပေါ် စာနာမှု၊ လေးစားမှုနှင့် ကျင့်ဝတ်လိုက်နာမှုတို့ကိုလည်း သတိရစေသည်။

မြန်မာနိုင်ငံတွင် ဆရာဝန်များ၏ အဖြူရောင် တာဝန်ကုတ်အင်္ကျီကို ဝတ်ဆင်ခြင်းသည် တာဝန်နှင့် ကတိကဝတ်တစ်ရပ်ဖြစ်ကြောင်း ဖော်ပြထားသည်။ အဓိကအားဖြင့် လူနာတိုင်းကို ဂုဏ်သိက္ခာရှိစွာ ဆက်ဆံခြင်း၊ ဆေးပညာကျင့်ဝတ်ကို လိုက်နာခြင်းနှင့် အမြဲတစေ သင်ယူလေ့လာနေခြင်းတို့သည် ဝတ်စုံ၏ ဂုဏ်သိက္ခာကိုပြည့်စုံစေသော အချက်များ ဖြစ်သည်။ ထို့အပြင် ကျန်းမာရေးဝန်ဆောင်မှုများတွင် လက်သန့်ရှင်းရေး၊ လိုအပ်သည့်အကာအကွယ်ပစ္စည်းများ အသုံးပြုရေးနှင့် လူနာဘေးကင်းရေး လုပ်ထုံးလုပ်နည်းများကိုလည်း လိုက်နာရန်လိုအပ်သည်။ ထို့ကြောင့် ယူနီဖောင်းသည် ယုံကြည်မှုကို စတင်တည်ဆောက်ပေးနိုင်သော်လည်း ယုံကြည်မှုကို ရေရှည်ထိန်းသိမ်းပေးနိုင်သည်မှာ ဝတ်ဆင်သူ၏ အရည်အချင်းနှင့် အပြုအမူပင်ဖြစ်သည်။

လုပ်ငန်းခွင်ဘေးကင်းရေးနှင့် အကာအကွယ်ပေးမှု

ယူနီဖောင်း၏အရေးပါမှုသည် အဖွဲ့အစည်း အမှတ်သညာနှင့် တာဝန်ခဲ့ခြားသိရှိမှုတို့ထက် ပိုမို ကျယ်ပြန့်ပြီး လုပ်ငန်းခွင်ဘေးကင်းရေးနှင့်လည်း ဆက်စပ်နေသည်။ စက်ရုံ၊ အလုပ်ရုံ၊ ဆောက်လုပ်ရေး လုပ်ငန်းနှင့် လျှပ်စစ်လုပ်ငန်းများတွင် အလုပ်သဘော သဘာဝအလိုက် သင့်လျော်သောလုပ်ငန်းဝတ်စုံနှင့် တစ်ကိုယ်ရေကာကွယ်ရေးပစ္စည်းများ လိုအပ်သည်။ဥပမာအားဖြင့် ဂဟေဆော်လုပ်သားများသည် မီးပွားနှင့် အပူဒဏ်ကိုကာကွယ်နိုင်သော ဝတ်စုံ၊ မျက်နှာကာနှင့် လက်အိတ်များကို အသုံးပြုရသည်။ ဆောက်လုပ်ရေးလုပ်သားများအနေဖြင့် လုံခြုံရေးဦးထုပ်၊ လုံခြုံရေးဖိနပ်နှင့် မြင်သာထင်ရှားသော အင်္ကျီများကို လိုအပ်သလိုဝတ်ဆင်ရသည်။ လျှပ်စစ်လုပ်ငန်းများတွင်လည်း လုပ်ငန်းအန္တရာယ်နှင့် ကိုက်ညီသော လျှပ်ကာပစ္စည်းများကို အသုံးပြုရမည်ဖြစ်သည်။

အလုပ်သမားဝန်ကြီးဌာနသည် စက်ရုံ၊ အလုပ်ရုံနှင့် လုပ်ငန်းခွင်များတွင် ဘေးအန္တရာယ်ကင်းရှင်းပြီး ကျန်းမာရေးနှင့် ညီညွတ်သောအခြေအနေများ ဖြစ်ပေါ်လာစေရန် OSH ဆိုင်ရာ ပြဋ္ဌာန်းချက်များ နှင့်အညီ အသိပညာပေးခြင်း၊ စစ်ဆေးခြင်းနှင့် လိုအပ်သည့် ညွှန်ကြားချက်များ ထုတ်ပြန်ခြင်းတို့ကို ဆောင်ရွက်လျက်ရှိသည်။ ၂၀၁၉ ခုနှစ် လုပ်ငန်းခွင်ဘေးအန္တရာယ် ကင်းရှင်းရေးနှင့် ကျန်းမာရေးဥပဒေ (ပြည်ထောင်စုလွှတ်တော်ဥပဒေ အမှတ် ၈/၂၀၁၉) သည်လည်း လုပ်ငန်းခွင်ဘေးကင်းရေးဆိုင်ရာ ဥပဒေမူဘောင်တစ်ရပ်ဖြစ်သည်။ ထို့ကြောင့် အလုပ်ရှင်က လုပ်ငန်းအန္တရာယ်အလိုက် သင့်လျော်သောအကာအကွယ်ပစ္စည်းများ ပံ့ပိုးပေးခြင်း၊ အလုပ်သမားက သတ်မှတ်ထားသည့်အတိုင်း အသုံးပြုခြင်းနှင့် တာဝန်ရှိသူများက စစ်ဆေးကြီးကြပ်ခြင်းတို့ကို စနစ်တကျဆောင်ရွက်ရန် လိုအပ်သည်။ အပြာရောင်လုပ်ငန်းဝတ်စုံတစ်စုံသည် အလုပ်သမားအဖွဲ့၏ အမှတ်အသားဖြစ်သော်လည်း လိုအပ်သောလုံခြုံရေးပစ္စည်းများကို အစားထိုးနိုင်ခြင်းမရှိကြောင်းကိုလည်း သတိပြုရမည်။

ကျွမ်းကျင်မှု၊ လုပ်ငန်းအတွေ့အကြုံနှင့် အလုပ်အကိုင်အဆင့်သင့်ဖြစ်မှု

နည်းပညာနှင့် အသက်မွေးဝမ်းကျောင်းပညာ (TVET) သင်တန်းများတွင် ယူနီဖောင်းသည် သင်တန်းသားများ၏စိတ်ဓာတ်ကို မြှင့်တင်ပေးရုံသာမက လက်တွေ့လုပ်ငန်းခွင်အတွက် ကြိုတင်ပြင်ဆင်ပေးသည့် အထောက်အကူတစ်ခုလည်း ဖြစ်သည်။ လက်သမား၊ ပန်းရံ၊ လျှပ်စစ်၊ ဂဟေဆော်၊ မော်တော်ယာဉ်ပြုပြင်ရေးနှင့် ဟိုတယ်ဝန်ဆောင်မှု သင်တန်းများတွင် သင်တန်းအမျိုးအစားအလိုက် သင့်လျော်သောဝတ်စုံနှင့် လိုအပ်သည့် အကာအကွယ်ပစ္စည်းများကို အသုံးပြုရသည်။ သင်တန်းသားများသည် ဝတ်စုံကို သန့်ရှင်းသပ်ရပ်စွာ ထိန်းသိမ်းခြင်း၊ ကိရိယာများကို စနစ်တကျအသုံးပြုခြင်းနှင့် လုပ်ငန်းခွင်စည်းကမ်းများကို လိုက်နာခြင်းတို့မှတစ်ဆင့် အလုပ်အကိုင်အတွက် လိုအပ်သော အလေ့အကျင့်များကို ရရှိနိုင်သည်။

နယ်စပ်ရေးရာဝန်ကြီးဌာန၏ နည်းပညာသင်တန်းကျောင်းများတွင် သင်တန်းသားများအတွက် တီရှပ်၊ ဘောင်းဘီ၊ ကင်းဘတ်ဖိနပ်နှင့် ခြေအိတ်များ ပံ့ပိုးပေးထားကြောင်း ဝန်ကြီးဌာန၏ website တွင် ဖော်ပြထားသည်။ ထို့ပြင် ဆောက်လုပ်ရေး၊ လျှပ်စစ်၊ ဂဟေဆော်၊ မော်တော်ယာဉ်ပြုပြင်ရေးနှင့် ဟိုတယ်ဝန်ဆောင်မှုဆိုင်ရာ သင်တန်းများကိုလည်း ဖွင့်လှစ်သင်ကြားပေးလျက်ရှိသည်။ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနအောက်ရှိ နည်းပညာ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာန၏ website တွင်လည်း မြို့ပြအင်ဂျင်နီယာနယ်ပယ် ဆိုင်ရာ လက်သမား၊ ပန်းရံ၊ သံချည်သံကွေး၊ လမ်းခင်းနှင့် ပိုက်ဆက်သင်တန်းများကို ဖော်ပြထားသည်။ ဤဥပမာများက သင်တန်းဝတ်စုံသည် လက်တွေ့ပညာသင်ယူမှုနှင့် လုပ်ငန်းခွင် အဆင်သင့်ဖြစ်မှုကို ပံ့ပိုးပေးနိုင်ကြောင်း ပြသနေသည်။

အရောင်၊ ဒီဇိုင်းနှင့် မျှတသော စည်းမျဉ်းများ

ယူနီဖောင်း၏ အရောင်နှင့် ဒီဇိုင်းသည် အလှအပ အတွက်သာမက လုပ်ငန်းဆိုင်ရာလိုအပ်ချက်များကို ဖြည့်ဆည်းပေးရန်လည်း အရေးကြီးသည်။ အဖွဲ့အစည်းတစ်ခု၏ သတ်မှတ်အရောင်သည် အဖွဲ့ဝင်ဖြစ်မှုကို ဖော်ပြနိုင်သကဲ့သို့ လုပ်ငန်းခွင်အချို့တွင် မြင်သာထင်ရှားသောအရောင်များသည် အန္တရာယ်ရှိသည့်နေရာများ၌ ဝတ်ဆင်သူကို အလွယ်တကူ သတိပြုမိစေနိုင်သည်။ ဆေးရုံများတွင်လည်း ဝတ်စုံအရောင်နှင့် ဒီဇိုင်းများကို သင့်လျော်စွာ သတ်မှတ်ခြင်းဖြင့် ဝန်ထမ်းအမျိုးအစားနှင့် တာဝန်များကို ခွဲခြားသိရှိနိုင်စေသည်။ စာမျက်နှာ ၁၅ သို့ ❖

“ကျောင်းသား ကျောင်းသူများ တူညီသောဝတ်စုံကို ဝတ်ဆင်ကြခြင်းသည် မိသားစုနောက်ခံ၊ လူမှုအဆင့်အတန်းနှင့် ကိုယ်ပိုင်အခြေအနေများ မတူညီကြသော်လည်း ကျောင်းသားများဖြစ်ကြောင်း ဖော်ပြပေးသည်။ ထိုသို့ တူညီစွာ ဝတ်ဆင်ခြင်းမှတစ်ဆင့် အချင်းချင်းရင်းနှီးမှု၊ စည်းလုံးညီညွတ်မှုနှင့် ကျောင်းအပေါ် ချစ်ခင်ဂုဏ်ယူမှုတို့လည်း တိုးပွားစေနိုင်သည်။”

ရွှေတိဂုံစေတီတော်၊ ဗိုလ်တထောင်ကျိုက်ဒေးအပ် ဆံတော်ဦးစေတီတော်နှင့် သီရိမင်္ဂလာကမ္ဘာအေးစေတီတော်တို့တွင် မသိုးသင်္ကန်းရက်လုပ်ပူဇော်ပြုင်ပွဲများ ကျင်းပ

ရန်ကုန် နိုဝင်ဘာ ၂၃

တန်ဆောင်မုန်းလပြည့်အခါသမယ နေ့ထူးနေ့မြတ်တွင် မသိုးရွှေကြာသင်္ကန်း ကပ်လှူပူဇော်နိုင်ရန် ရန်ကုန်မြို့ရှိ လေးဆူဓာတ်ပုံ ရွှေတိဂုံစေတီတော်မြတ်ကြီး၌ (၃၈)ကြိမ်မြောက် မသိုးသင်္ကန်းရက်လုပ်ပြိုင်ပွဲ ဖွင့်ပွဲကို ယနေ့ညနေ ၄ နာရီတွင် စေတီတော်ရာဟုထောင့်အောင်မြေ၌ ကျင်းပသည်။

ဦးစွာ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးအောင်နိုင်သူ၊ တိုင်းဒေသကြီး ဝန်ကြီးများ၊ ဂေါပကအဖွဲ့ဝင်များ၊ ယှဉ်ပြိုင်ရက်လုပ်ကြမည့် ပြိုင်ပွဲဝင်များက စေတီတော်ရှေးဟောင်းဗုဒ္ဓရုပ်ပွားတော်များတန်ဆောင်း စုရုပ်မှစတင်ကာ ရွှေတိဂုံစေတီတော်မြတ်ကြီးကို လက်ယာရစ်တစ်ပတ် လှည့်လည်ပူဇော်ကြသည်။

ပေးအပ်လှူဒါန်း

ဆက်လက်၍ မသိုးသင်္ကန်းရက်လုပ်ပြိုင်ပွဲ ဖွင့်ပွဲကို ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က ဇယမင်္ဂလာစာတမ်းကို ဖတ်ကြားပြီး တာဝန်ရှိသူများနှင့်အတူ ပြိုင်ပွဲကို ဖွင့်လှစ်ပေးကာ ပြိုင်ပွဲဝင် ရက်ကန်းစင်တော်များ၏ ယှဉ်ပြိုင်ရက်လုပ်နေမှုကို ကြည့်ရှုအားပေး၍ အလှူငွေများ ပေးအပ်လှူဒါန်းသည်။

မသိုးသင်္ကန်းရက်ပြိုင်ပွဲတွင် ရက်ကန်းစင်တော်ကိုးစင် ပါဝင်ယှဉ်ပြိုင်ရက်လုပ်ကြပြီး ပြိုင်ပွဲတွင် ပထမဆု ငွေကျပ် ၄၅ သိန်း၊ ဒုတိယဆုငွေကျပ်သိန်း ၄၀၊ တတိယဆု ငွေကျပ် ၃၅သိန်း၊ စတုတ္ထဆုငွေကျပ် သိန်းခုဝ နှင့် နှစ်သိမ့်ဆုတစ်ဆုလျှင် ငွေကျပ်သိန်း ၂၀ စီအပြင် ဆုဖလားတစ်ခုစီ ချီးမြှင့်သွားမည်ဖြစ်သည်။



ရွှေတိဂုံစေတီတော်မြတ်ကြီး၌ (၃၈)ကြိမ်မြောက် မသိုးသင်္ကန်းရက်လုပ်ပြိုင်ပွဲ ဖွင့်ပွဲကျင်းပစဉ်။

ထို့အတူ တိုင်းဒေသကြီးဝန်ကြီးချုပ်သည် ဗိုလ်တထောင်ကျိုက်ဒေးအပ် ဆံတော်ဦးစေတီတော်ရင်ပြင်တော်ပေါ်ရှိ တိုးချဲ့ဓမ္မရင်ပြင်၌ ကျင်းပသည့် (၄၂)ကြိမ်မြောက် မသိုးရွှေကြာသင်္ကန်း ရက်လုပ်ပြိုင်ပွဲ ဖွင့်ပွဲသို့ တက်ရောက်အမှာစကားပြောကြားပြီး ပြိုင်ပွဲဝင် ရက်ကန်းစင်တော်များ၏ ယှဉ်ပြိုင်ရက်လုပ်နေမှုကို ကြည့်ရှုအားပေး၍ အလှူငွေများ ပေးအပ်လှူဒါန်းသည်။

ပြိုင်ပွဲတွင် ရက်ကန်းစင်တော် ၂၄ စင် ပါဝင်ယှဉ်ပြိုင်ရက်လုပ်ကြပြီး ပထမဆု ငွေကျပ်သိန်း ၂၀၊ ဒုတိယဆု ငွေကျပ် ၁၅ သိန်း၊ တတိယဆု ငွေကျပ် ၁၃ သိန်းနှင့် နှစ်သိမ့်ဆုတစ်ဆုလျှင် ငွေကျပ်ငါးသိန်းစီ ချီးမြှင့်သွားမည်ဖြစ်သည်။

ညနေပိုင်းတွင် သီရိမင်္ဂလာကမ္ဘာအေးစေတီတော် ဂေါပကအဖွဲ့ကကြီးမှူး၍ (၂၆)ကြိမ်မြောက် မသိုးသင်္ကန်းရက်လုပ်ပြိုင်ပွဲကို အဆိုပါစေတီတော်ရင်ပြင်၌ ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးများ၊ ရန်ကုန်မြို့အခြေစိုက် နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ၊ သံရုံးယာယီတာဝန်ခံများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြည့်ရှုအားပေးကြသည်။

ပြိုင်ပွဲကို တိုင်းဒေသကြီးဝန်ကြီးများနှင့် တာဝန်ရှိသူများက ဖွင့်လှစ်ပေးကြပြီး ရက်ကန်းစင်တော်များအတွက် အလှူငွေများ ပေးအပ်လှူဒါန်းကာ မသိုးသင်္ကန်း ယှဉ်ပြိုင်ရက်လုပ်နေမှုကို ကြည့်ရှုအားပေးကြသည်။

ပြိုင်ပွဲတွင် ရက်ကန်းစင်တော်ခုနစ်စင် ဝင်ရောက် ယှဉ်ပြိုင်ခဲ့ပြီး ပထမဆုငွေကျပ် ၁၀ သိန်း၊ ဒုတိယဆု ငွေကျပ်ရှစ်သိန်း၊ တတိယဆု ငွေကျပ်ခြောက်သိန်း၊ နှစ်သိမ့်ဆု ငွေကျပ်ငါးသိန်းစီနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်သွားမည်ဖြစ်သည်။

အဆိုပါစေတီတော်များ၌ ပြိုင်ပွဲဝင်များ ရက်လုပ်သည့် မသိုးရွှေကြာသင်္ကန်းများအား တန်ဆောင်မုန်းလပြည့်နေ့ အရုဏ်ဦးတွင် စေတီတော်နှင့် စေတီတော်ပရိဂုဏ်ရှိဗုဒ္ဓရုပ်ပွားတော်များအား ဆက်ကပ်လှူဒါန်းသွားကြမည်ဖြစ်ကြောင်း သိရသည်။

ဧော်မင်းလတ်(MNA)



ဗိုလ်တထောင်ကျိုက်ဒေးအပ် ဆံတော်ဦးစေတီတော်ရင်ပြင်တော်ပေါ်ရှိ တိုးချဲ့ဓမ္မရင်ပြင်၌ ကျင်းပသည့် (၄၂)ကြိမ်မြောက် မသိုးရွှေကြာသင်္ကန်းရက်လုပ်ပြိုင်ပွဲ ဖွင့်ပွဲကျင်းပစဉ်။



သီရိမင်္ဂလာကမ္ဘာအေးစေတီတော်ရင်ပြင်၌ ကျင်းပသည့် (၂၆)ကြိမ်မြောက် မသိုးသင်္ကန်းရက်လုပ်ပြိုင်ပွဲ ဖွင့်ပွဲကျင်းပစဉ်။

❖ စာမျက်နှာ ၁၄ မှ

ထို့ကြောင့် ဝတ်စုံဒီဇိုင်းရေးဆွဲရာတွင် အထည်သား၏ ခိုင်ခံ့မှု၊ လေဝင်လေထွက်ကောင်းမှု၊ သန့်ရှင်းရေးလုပ်ရလွယ်ကူမှု၊ လှုပ်ရှားသွားလာရ အဆင်ပြေမှုနှင့် လုပ်ငန်းခွင်အန္တရာယ်တို့ကို ထည့်သွင်းစဉ်းစားသင့်သည်။

ထို့အတူ ယူနီဖောင်းစည်းမျဉ်းများသည်လည်း ရှင်းလင်းပြီး မျှတမှုရှိရမည်။ ဝတ်စုံအရွယ်အစားနှင့် ပုံစံသည် ဝတ်ဆင်သူ၏ ကိုယ်ခန္ဓာအနေအထား၊ အသက်အရွယ်နှင့် လုပ်ငန်းတာဝန်တို့နှင့် ကိုက်ညီရန်လိုအပ်သည်။ ဝတ်စုံစည်းကမ်းကို စစ်ဆေးရာတွင်လည်း လူတစ်ဦးချင်း၏ဂုဏ်သိက္ခာကို မထိခိုက်စေဘဲ သတ်မှတ်ထားသော လုပ်ထုံးလုပ်နည်းများအတိုင်း ဆောင်ရွက်သင့်သည်။ ယူနီဖောင်းတစ်ခုက အဖွဲ့ဝင်များအကြား တူညီမှုကိုဖော်ပြနိုင်သော်လည်း အခွင့်အရေးနှင့် အခွင့်အလမ်းများ တန်းတူရရှိရေးကို အလိုအလျောက် အာမခံပေးနိုင်ခြင်း မရှိပေ။ ယင်းအတွက် ခွဲခြားဆက်ဆံမှုကင်းသော စည်းမျဉ်းများ၊ တရားမျှတသော စီမံခန့်ခွဲမှုနှင့် အပြန်အလှန်လေးစားမှုတို့လိုအပ်သည်။ အဖွဲ့အစည်းတစ်ခုတွင် ယူနီဖောင်း၏ အရောင်နှင့် ဒီဇိုင်းကို တန်ဖိုးထားသကဲ့သို့ ဝတ်ဆင်သူတိုင်း၏ အခွင့်အရေးနှင့် ဂုဏ်သိက္ခာကိုလည်း တန်းတူတန်ဖိုးထားရန် အရေးကြီးသည်။

ဂုဏ်ယူဝင့်ကြွားစွာ ဝတ်ဆင်ထိုက်သော ယူနီဖောင်း

ယူနီဖောင်းတစ်စုံကို ဝတ်ဆင်လိုက်သည့်အခါ မိမိသည် အဖွဲ့အစည်းတစ်ခု၏ အဖွဲ့ဝင်ဖြစ်ကြောင်း သာမက ထိုအဖွဲ့အစည်း၏ တာဝန်နှင့် ဂုဏ်သိက္ခာကိုပါ ကိုယ်စားပြုနေကြောင်း သတိပြုရမည်ဖြစ်ပါသည်။ ကျောင်းသားတစ်ဦး၏ ကျောင်းဝတ်စုံသည် ပညာသင်ယူလိုစိတ်ကို အားပေးပြီး ဆရာဝန်၏ အဖြူရောင်ကုတ်အင်္ကျီသည် လူနာအပေါ်ထားရှိသည့် ကတိကဝတ်ကို သတိရစေသည်။ TVET ကျွမ်းကျင်လုပ်သားတစ်ဦး၏ လုပ်ငန်းဝတ်စုံသည်လည်း လက်တွေ့ကျွမ်းကျင်မှုနှင့် ဘေးကင်းစွာ အလုပ်လုပ်ကိုင်လိုသည့်စိတ်ထားကို ဖော်ပြပေးသည်။ ထိုဝတ်စုံများ၏ အမှန်တကယ်တန်ဖိုးသည် အရောင်လှပမှုနှင့် ဒီဇိုင်းကောင်းမွန်မှုတို့တွင်သာ မရှိဘဲ ဝတ်ဆင်သူ၏စည်းကမ်း၊ ကျွမ်းကျင်မှု၊ ရိုးသားမှုနှင့် တာဝန်ယူမှုတို့ဖြင့် ပိုမိုပြည့်စုံလာသည်။ အဖွဲ့အစည်းများကလည်း သင့်လျော်သောဝတ်စုံနှင့် အကာအကွယ်ပစ္စည်းများကို ပံ့ပိုးပေးပြီး မျှတသော စည်းမျဉ်းများကို ကျင့်သုံးနိုင်ပါက ယူနီဖောင်းသည် အဖွဲ့ဝင်များအား အေးချမ်းစွာ၊ စိတ်ပါဝင်စားစွာနှင့် ယုံကြည်မှုရှိစွာ လုပ်ကိုင်နိုင်ရန် အကာအကွယ်ပေးသည့် အဖွဲ့အစည်းဆိုင်ရာ အရိပ်အာဝါသတစ်ခုဖြစ်လာမည်ဖြစ်သည်။

ဝတ်စုံ၏အရောင်အသွေးက အဖွဲ့အစည်း၏ အမှတ်သညာကို ဖော်ပြပြီး ဝတ်ဆင်သူ၏စည်းကမ်းနှင့် အပြုအမူက ထိုအဖွဲ့အစည်း၏ ဂုဏ်သိက္ခာကို ပိုမိုထင်ရှားစေသည်။ ထို့ကြောင့် မိမိဝတ်ဆင်ထားသောဝတ်စုံကို ချစ်မြတ်နိုးတန်ဖိုးထားသကဲ့သို့ ၎င်းနှင့်အတူ ပါဝင်လာသည့် တာဝန်နှင့် စည်းကမ်းများကိုလည်း လေးစားလိုက်နာကြရမည်ဖြစ်သည်။ မိမိ၏လုပ်ငန်းကို စေတနာဖြင့် ဆောင်ရွက်ခြင်း၊ အဖွဲ့အစည်း၏ဂုဏ်သိက္ခာကို ထိန်းသိမ်းခြင်းနှင့် လူ့အဖွဲ့အစည်းအပေါ် အကျိုးပြုခြင်းတို့သည် ယူနီဖောင်း၏ တန်ဖိုးကို အမှန်တကယ်မြှင့်တင်ပေးနိုင်သည့်အချက်များဖြစ်သည်။ မိမိဝတ်ဆင်ထားသောယူနီဖောင်းကိုကြည့်မြင်တိုင်း တာဝန်ကို သတိရပြီး ဂုဏ်ယူဝင့်ကြွားစွာ ဝတ်ဆင်လိုသည့်စိတ်ဓာတ်သည် လူတိုင်း၏ ရင်တွင်း၌ အစဉ်ရှင်သန်နေပါစေကြောင်း ရေးသားတင်ပြအပ်ပါသည်။ ။

ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုသည့် တရားမဝင်အဆောက်အအုံများအား စနစ်တကျဖြိုချဖျက်ဆီးခြင်းလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

နေပြည်တော် နိုဝင်ဘာ ၂၃

နိုင်ငံတော်အစိုးရအနေဖြင့် အွန်လိုင်းလိမ်လည်လောင်းကစားမှုများ အများဆုံးလုပ်ကိုင်ခဲ့သည့် ရွှေကုက္ကိုလ်နယ်မြေအတွင်းရှိ တရားမဝင်အဆောက်အအုံများ၌ အွန်လိုင်းလိမ်လည်လောင်းကစားမှုများ ထပ်မံလုပ်ကိုင်နိုင်ခြင်းမရှိစေရန် အဆိုပါအဆောက်အအုံများအား အပြီးတိုင်ဖြိုချဖျက်ဆီးခြင်းများကို စနစ်တကျဆောင်ရွက်လျက်ရှိရာ ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ ဖြိုချဖျက်ဆီးရန်ကျန်တရားမဝင်အဆောက်အအုံများအနက် ယာဉ်ယန္တရားများအသုံးပြု၍ ဖြိုချဖျက်ဆီးလျက်ရှိသည့် ၅ ထပ်အဆောက်အအုံ ၁ လုံးအား ယနေ့အထိ ၅၀ ရာခိုင်နှုန်း ဖြိုချဖျက်ဆီးပြီးဖြစ်ကြောင်း၊ ထပ်မံ၍ ၅ ထပ်အဆောက်အအုံ ၁ လုံးအား ယာဉ်ယန္တရားများဖြင့် ဖြိုချဖျက်ဆီးမှုမှာ ယနေ့အထိ ၂၀ ရာခိုင်နှုန်းပြီးစီးပြီဖြစ်ကြောင်း သိရှိရသည်။

ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်း၌ အွန်လိုင်းလိမ်လည် လောင်းကစားလုပ်ငန်းများ ကျူးလွန်ရာတွင်အသုံးပြုခဲ့သည့် ဖြိုချဖျက်ဆီးရန်ကျန် အဆောက်အအုံ ၆၃ လုံးအား ယာဉ်ယန္တရားများဖြင့် ဖြိုချဖျက်ဆီးမည့်အဆောက်အအုံ၊ ဖောက်ခွဲ၍ ဖြိုချဖျက်ဆီးမည့်အဆောက်အအုံနှင့် လူနေအိမ်များနှင့် မလွတ်ကင်း၍ လူအင်အားအသုံးပြုကာ တစ်လွှာချင်းဖြိုချဖျက်ဆီးမည့် အဆောက်အအုံဟူ၍ အမျိုးအစားအလိုက်ခွဲခြားသတ်မှတ်ပြီး စနစ်တကျ ဆက်လက်ဖြိုချဖျက်ဆီးလျက်ရှိရာ ဖောက်ခွဲ၍ ဖြိုချမည့် အဆောက်အအုံ ၄ လုံးနှင့် ယာဉ်ယန္တရားများဖြင့် ဖြိုချဖျက်ဆီးမည့်အဆောက်အအုံ ၉ လုံး စုစုပေါင်း အဆောက်အအုံ ၁၃ လုံးတို့ကို စနစ်တကျဖြိုချဖျက်ဆီးခဲ့ပြီးဖြစ်ပြီး ကျန်ရှိသည့် တရားမဝင်အဆောက်အအုံ ၅၀ လုံးကိုလည်း စနစ်တကျဆက်လက်ဖြိုချဖျက်ဆီးသွားမည် ဖြစ်ကြောင်း သိရှိရသည်။

နိုင်ငံတော်အစိုးရအနေဖြင့် ကမ္ဘာလုံးဆိုင်ရာ လူမှုစီးပွားနယ်ပယ်နှင့် အမျိုးသားလုံခြုံရေးကို ခြိမ်းခြောက်လာသည့် အွန်လိုင်းလိမ်လည်မှုနှင့် အွန်လိုင်းလိမ်လည်လောင်းကစားမှုများ ပပျောက်စေရေးအတွက် အိမ်နီးချင်းနိုင်ငံများ၊ ဒေသတွင်းနိုင်ငံများနှင့် ပူးပေါင်းကာ အပြီးတိုင် လုံးဝပပျောက်သွားစေရေး ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

၁၀၀



ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုသည့် တရားမဝင်အဆောက်အအုံများအား စနစ်တကျဆက်လက်ဖြိုချဖျက်ဆီးမှု။





ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုသည့် (၅)ထပ်အဆောက်အအုံအား စနစ်တကျဆက်လက်ဖြိုချဖျက်ဆီးမှုကို တွေ့ရစဉ်။

ရန်ကုန်-မန္တလေးလမ်းပိုင်း၌ ပြေးဆွဲပေးလျက်ရှိသည့် အမှတ်(၃)အဆန် DEMU ရထားတွဲဆိုင်းအား ခဲဖြင့်ပေါက်သူ ဖမ်းဆီးရမိ

နေပြည်တော် နိုဝင်ဘာ ၂၃

မြန်မာ့မီးရထားအနေဖြင့် ရထားစီးခရီးသွားပြည်သူများ ပိုမိုစိတ်ချမ်းမြေ့စွာ သွားလာနိုင်စေရေးအတွက် ခေတ်မီလေအေးပေးစက်ပါ DEMU တွဲဆိုင်းသစ်များဖြင့် လူစီးအမြန်ရထားများ ပြေးဆွဲပေးလျက်ရှိရာ နိုဝင်ဘာ ၂၀ ရက် ညနေ ၃ နာရီ ၃၂ မိနစ်တွင် အမှတ်(၃)အဆန် ရန်ကုန်-မန္တလေး DEMU လူစီးအမြန်ရထားသည် ဘဲလင်းဘူတာမှထွက်ခွာလာပြီး ဘဲလင်းဘူတာနှင့် စဉ့်ကိုင်ဘူတာအကြား မိုင်တိုင် ၃၆၈/၁၉ နှင့် မိုင်တိုင် ၃၆၈/၂၀ အတွင်း ညနေ ၃ နာရီ မိနစ် ၄၀ ရထားဖြတ်သန်းစဉ် ရထားသံလမ်း၏အနောက်ဘက်မှ ရထားအား ခဲဖြင့်ပစ်ပေါက်ခဲ့သဖြင့် ရထားတွဲဆိုင်းပါ စက်ခေါင်းနောက် သုံးတွဲမြောက် အထက်တန်းတွဲ၏ ခုံအမှတ် 9 A,B နှင့် 10 A,B အကြား ပြတင်းတံခါးဘေးလေကာမှန် ကြေမွကွဲအက်မှုဖြစ်ပွားခဲ့သည်။

စဉ့်ကိုင်ဘူတာသို့ညနေ ၃ နာရီ ၄၁ မိနစ်တွင် ရောက်ရှိ၍ ရထားအား ရပ်တန့်စစ်ဆေးပြီး ညနေ ၄ နာရီ ၅၅ မိနစ်တွင် ဆက်လက်ထွက်ခွာခဲ့သဖြင့် ရထားကြန့်ကြာမှု ၂၄ မိနစ် ဖြစ်ပေါ်ခဲ့ကြောင်း၊ ခရီးသည်နှင့် ဝန်ထမ်းထိခိုက်မှုမရှိကြောင်း သိရသည်။

အခင်းဖြစ်ပွားရာသို့ ရထားလိုက်လုံခြုံရေးရဲ ရဲတပ်ကြပ်ဦးစီးခြောက်ဦး၊ စဉ့်ကိုင်ရုံပိုင်နှင့် စဉ့်ကိုင်မြို့နယ်ရဲစခန်းမှ ဒု-ရဲအုပ်ဦးစီးသုံးဦးတို့သည် ညနေ ၄ နာရီ မိနစ် ၄၀ တွင် ရောက်ရှိစစ်ဆေးခဲ့ပြီး တရားခံအား ဖမ်းဆီးရမိရေး စဉ့်ကိုင်မြို့နယ်ရဲစခန်းတွင် အမှုဖွင့်ဆောင်ရွက်ခဲ့ရာ နိုဝင်ဘာ ၂၂ ရက်တွင် ရထားအား ခဲဖြင့်ပစ်ပေါက်ခဲ့သူ စဉ့်ကိုင်မြို့နယ် မြို့သစ်ရပ်ကွက်နေ သန်းဇော် အသက် (၅၈)နှစ် (ဘ)ဦးမြိုင် အား ဖမ်းဆီးရမိသဖြင့် စဉ့်ကိုင်မြို့မရဲစခန်း၌ (ပ)ဂု၅/၂၀၂၆၊ ရထားပို့ဆောင်ရေးလုပ်ငန်းဥပဒေပုဒ်မ(၈၄)ဖြင့် အမှုဖွင့်အရေးယူဆောင်ရွက်သွားမည်ဖြစ်သည်။





အမှတ်(၃)အဆန် DEMU ရထားအား ခဲဖြင့်ပစ်ပေါက်မှုကြောင့် အထက်တန်းတွဲ၏ ပြတင်းတံခါးဘေးလေကာမှန် ကြေမွအက်ကွဲမှု ဖြစ်ပွားခဲ့သည့် မှတ်တမ်းဓာတ်ပုံ။



အမှတ်(၃)အဆန် DEMU ရထားအား ခဲဖြင့်ပစ်ပေါက်ခဲ့သည့် ဖမ်းဆီးရမိတရားခံနှင့် သက်သေခံပစ္စည်းများကို တွေ့ရစဉ်။

မြန်မာ့မီးရထားအနေဖြင့် ၂၀၁၆ ခုနှစ် ဇန်နဝါရီ ၅ ရက်တွင် ထုတ်ပြန်ပြီးဖြစ်သည့် ရထားပို့ဆောင်ရေးလုပ်ငန်းဥပဒေ၊ အခန်း ၁၈၊ ပုဒ်မ ၇၉(ခ)အရ ရထားကိုတစ်စုံတစ်ရာဖြင့် ပစ်ပေါက်ခြင်း(သို့မဟုတ်) တစ်စုံတစ်ရာပြုလုပ်ခြင်းအတွက် ပြစ်ဒဏ်အနေဖြင့် ပုဒ်မ(၈၄)အရ ထိုသူကို အနည်းဆုံး ၅ နှစ်မှ နှစ် ၂၀ အထိမပိုသော ထောင်ဒဏ်ချမှတ်ရမည့်အပြင် ငွေဒဏ်ကိုလည်းချမှတ်နိုင်ပြီး ဖမ်းဆီးရမိသောတရားခံများကို ဥပဒေနှင့်အညီ ထောင်ဒဏ်များ အသီးသီးချမှတ်အရေးယူဆောင်ရွက်လျက်ရှိကြောင်းနှင့် နိုင်ငံတော်အစိုးရအနေဖြင့် အများပြည်သူများ အဆင်ပြေကောင်းမွန်စွာ ခရီးသွားလာနိုင်ရေးအတွက် အဆင့်မြှင့်တင်ဆောင်ရွက်ပေးလျက်ရှိရာ ပြည်သူများအနေဖြင့် ဝိုင်းဝန်းပူးပေါင်း ထိန်းသိမ်းသွားရန်လိုအပ်ကြောင်း မြန်မာ့မီးရထားမှ သိရသည်။

သတင်းစဉ်

ရန်ကုန်တိုင်းဒေသကြီး ရန်ကင်းမြို့နယ် အမှတ်(၁)ရပ်ကွက်အတွင်းရှိ Golden City အိမ်ရာ၌ အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်လုပ်ကိုင်နေသူ ၁၆ ဦးကို ဆက်စပ်ပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိ

နေပြည်တော် နိုဝင်ဘာ ၂၃

မြန်မာနိုင်ငံအစိုးရအနေဖြင့် လူသားမျိုးနွယ်တစ်ရပ်လုံး၏ လူမှုစီးပွားဘဝများကို ပျက်စီးစေသည့် အွန်လိုင်းလိမ်လည်လောင်းကစားမှု ကျူးလွန်ခြင်းများကို ထိရောက်ပြင်းထန်စွာ ဖမ်းဆီးအရေးယူမှုများ ဆောင်ရွက်လျက်ရှိရာ ရန်ကုန်တိုင်းဒေသကြီး ရန်ကင်းမြို့နယ် အမှတ်(၁)ရပ်ကွက် ရန်ကင်းလမ်းရှိ Golden City အိမ်ရာ၌ အွန်လိုင်းလိမ်လည်လောင်းကစားမှု ကျူးလွန်လုပ်ကိုင်နေသူ အမျိုးသားလေးဦးနှင့် အမျိုးသမီး ၁၂ ဦး စုစုပေါင်း ၁၆ ဦးကို အွန်လိုင်းလိမ်လည်လောင်းကစားမှု လုပ်ကိုင်ရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများနှင့်အတူ နိုဝင်ဘာ ၂၂ ရက်တွင် ဖမ်းဆီးရမိခဲ့သည်။



ရန်ကုန်တိုင်းဒေသကြီး ရန်ကင်းမြို့နယ် အမှတ်(၁)ရပ်ကွက် Golden City အိမ်ရာ၌ အွန်လိုင်းလိမ်လည်လောင်းကစားမှု ကျူးလွန်လုပ်ကိုင်နေသူများနှင့် ဆက်စပ်ပစ္စည်းများဖမ်းဆီးရမိသည့် တည်နေရာပြပုံ။

ရန်ကုန်တိုင်းဒေသကြီး ရန်ကင်းမြို့နယ် အမှတ်(၁)ရပ်ကွက်အတွင်း၌ အွန်လိုင်းလိမ်လည်လောင်းကစားမှုများ ကျူးလွန်လုပ်ကိုင်နေကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများပါဝင်သော ပူးပေါင်းအဖွဲ့က စုံစမ်းရှာဖွေဖော်ထုတ်မှုများ ဆောင်ရွက်ခဲ့ရာ နိုဝင်ဘာ ၂၂ ရက် ည ၁၀ နာရီခန့်တွင် ရန်ကင်းလမ်း Golden City အိမ်ရာရှိ တိုက်(၃) ၁၆ လွှာရှိ အခန်းအမှတ်(၁၆၀၂)အတွင်းမှ အွန်လိုင်းလိမ်လည်လောင်းကစားမှုများ လုပ်ကိုင်နေသည့် အမျိုးသား သုံးဦးနှင့် အမျိုးသမီး ခြောက်ဦးတို့ကို အွန်လိုင်းလိမ်လည် လောင်းကစားမှု ကျူးလွန်ရာတွင် အသုံးပြုသည့် Laptop တစ်လုံး၊ Printer တစ်လုံး၊ Tablet တစ်လုံး၊ ဖုန်းမျိုးစုံ ၁၄ လုံး၊ Wifi စက် တစ်လုံး၊ ငွေကျပ် ၁၀ သိန်းတို့နှင့်အတူ လည်းကောင်း၊ ည ၁၁ နာရီခန့်တွင် တိုက်(၁) ၃၂ လွှာရှိ အခန်းအမှတ်(၃၂၀၁) အတွင်းမှ အွန်လိုင်းလိမ်လည် လောင်းကစားမှုကျူးလွန်လုပ်ကိုင်နေသည့် အမျိုးသား တစ်ဦးနှင့် အမျိုးသမီး သုံးဦးတို့ကို Laptop ၁၃ လုံး၊ Tablet နှစ်လုံး၊ Wifi စက် နှစ်လုံး၊ ဖုန်းမျိုးစုံ ခုနစ်လုံး၊ CCTV စက် တစ်လုံး တို့နှင့်အတူ လည်းကောင်း၊ ည ၁၁ နာရီ မိနစ် ၅၀ ခန့်တွင် တိုက်(၄) (၆)လွှာရှိ အခန်းအမှတ်(၀၆၀၂) အတွင်းမှ အွန်လိုင်းလိမ်လည်လောင်းကစားမှု ကျူးလွန်လုပ်ကိုင်နေသည့် အမျိုးသမီး သုံးဦးကို Laptop တစ်လုံး၊ ဖုန်းမျိုးစုံ ငါးလုံးတို့နှင့်အတူ လည်းကောင်း အသီးသီး ဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိသူများအား ကနဦးစစ်မေးမြန်းချက်များအရ အဆိုပါအခန်းများကို တိုက်(၅) အခန်းအမှတ်(၂၇၀၂)တွင် နေထိုင်သည့် တရုတ်နိုင်ငံသား Mr. Jiang Hong Feng(ခ)ကျန်းဟုန်ဖန်းက ငှားရမ်းပေးထားခြင်းဖြစ်ပြီး ၎င်းတို့အနေဖြင့် အွန်လိုင်းလိမ်လည်လောင်းကစားမှုပြုလုပ်ရာတွင် ပစ်မှတ်များကို Customer Service အဖြစ် ဆောင်ရွက်ပေးရကြောင်းနှင့် သိမ်းဆည်းရမိ Laptop နှင့် ဖုန်းများအတွင်း၌ Zaw Play.Com(Myanmar Online Casino Slots & Sports Betting) အွန်လိုင်းစလော့ဂိမ်းလောင်းကစားပြုလုပ်နေခြင်းကို ကနဦးစစ်ဆေးတွေ့ရှိရကြောင်း သိရသည်။

အဆိုပါ အွန်လိုင်းလိမ်လည်လောင်းကစားမှုများ လုပ်ကိုင်ခဲ့သည့် ဖမ်းဆီးရမိသူ ၁၆ ဦးအား လိုအပ်သည့် စစ်ဆေးမှုများ ဆောင်ရွက်ပြီးစီးပါက တည်ဆဲဥပဒေများနှင့်အညီ ထိရောက်ပြင်းထန်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပြီး သိမ်းဆည်းရမိသည့် လုပ်ငန်းသုံးပစ္စည်းများကို လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်



ရန်ကုန်တိုင်းဒေသကြီး ရန်ကင်းမြို့နယ် အမှတ်(၁)ရပ်ကွက် Golden City အိမ်ရာ၌ ဖမ်းဆီးရမိသည့် အွန်လိုင်းလိမ်လည် လောင်းကစားမှု ကျူးလွန်လုပ်ကိုင်နေသူများနှင့် ဆက်စပ်ပစ္စည်းများကို တွေ့ရစဉ်။













အွန်လိုင်းလောင်းကစားပြုလုပ်ရန် ဆွဲဆောင်သည့်ပုံစံနှင့် zaw play လောင်းကစား Website/Application ၏ မှတ်တမ်းဓာတ်ပုံ။

အွန်လိုင်းလိမ်လည်လောင်းကစားမှု ကျူးလွန်လုပ်ကိုင်နေသူများနှင့် ဆက်စပ်ပစ္စည်းများ ဖမ်းဆီးရမိသည့် ရန်ကုန်တိုင်းဒေသကြီး ရန်ကင်းမြို့နယ် အမှတ်(၁)ရပ်ကွက် Golden City အိမ်ရာကို တွေ့ရစဉ်။

ပညာနှင့် အသိဉာဏ်ပညာ၏ ဂုဏ်သိက္ခာကို အများအကျိုးအတွက် ထိန်းသိမ်းခြင်း

ဦမိုးဇော်(ဇေယျာမြေ)

လူ့အဖွဲ့အစည်းတစ်ခု၏ ဖွံ့ဖြိုးတိုးတက်မှုတွင် ပညာနှင့် အသိဉာဏ်ပညာသည် အရေးကြီးသော အခြေခံအင်အားများဖြစ်သည်။ ပညာသည် လူတစ်ဦးအား အမှန်နှင့် အမှားကို ခွဲခြားသိမြင်စေပြီး အသိဉာဏ်ပညာသည် သိရှိထားသည့်အရာများကို အခြေအနေနှင့်လျော်ညီစွာ အသုံးချနိုင်ရန် လမ်းညွှန်ပေးသည်။ ထို့ကြောင့် ပညာတတ်တစ်ဦး၏ တန်ဖိုးသည် ရရှိထားသော ဘွဲ့ဒီဂရီ၊ ရာထူး အဆင့်အတန်းနှင့် ဂုဏ်ပုဒ်များအပေါ်တွင်သာမတည်ဘဲ မိမိ၏ပညာကို မည်သည့် ရည်ရွယ်ချက်ဖြင့် အသုံးချသည်ဆိုသည့်အချက်ပေါ်တွင် များစွာမူတည်နေသည်။

မိမိတတ်မြောက်ထားသော ပညာ၊ ရရှိထားသော ဉာဏ်ရည်ဉာဏ်သွေးတို့ကို အများအကျိုးအတွက် အသုံးချမည့်အစား ကိုယ်ကျိုးစီးပွားနှင့် လောဘအတွက်သာအသုံးချပါက ပညာ၏ မူလရည်ရွယ်ချက်နှင့် ဂုဏ်သိက္ခာတို့ကို ထိခိုက်စေနိုင်သည်။ ဤအချက်သည် ပညာတတ်တစ်ဦးချင်းစီသာမက ဆရာ ဆရာမများ၊ ပညာရေးဝန်ထမ်းများ၊ အုပ်ချုပ်ရေးတာဝန်ရှိသူများနှင့် လူ့အဖွဲ့အစည်းအတွင်း တာဝန်ယူဆောင်ရွက်နေသူတိုင်း စဉ်းစားသုံးသပ်သင့်သည့် အကြောင်းအရာဖြစ်သည်။ အထူးသဖြင့် မျိုးဆက်သစ်များကို ပညာသင်ကြားပေးနေသူများအနေဖြင့် မိမိတို့၏အသိပညာကို မျှဝေပေးခြင်း၊ မှန်ကန်သောလမ်းညွှန်မှုများပေးခြင်းနှင့် စံနမူနာကောင်းများ ပြသခြင်းတို့ဖြင့် အများအကျိုးကို ကူညီဖော်ဆောင်ရမည်သာဖြစ်ပါသည်။

ပညာ၏တန်ဖိုးသည် အသုံးချသည့် ရည်ရွယ်ချက်တွင်ရှိသည်

ပညာတတ်မြောက်ခြင်းသည် လူတစ်ဦး၏ ဘဝတိုးတက်ရေးအတွက် အရေးပါသော်လည်း တန်ဖိုးကို ပညာအရည်အချင်း၊ ဘွဲ့ဒီဂရီနှင့် ရရှိထားသော အသိပညာပမာဏတို့ဖြင့်သာ တိုင်းတာ၍ မရနိုင်ပါ။ အမှန်တကယ်အရေးကြီးသည်မှာ မိမိသိရှိတတ်မြောက်ထားသော ပညာကို မည်သည့် ရည်ရွယ်ချက်ဖြင့်အသုံးချသည်၊ မည်သည့်နည်းလမ်းဖြင့် လက်တွေ့အကောင်အထည်ဖော်သည်၊ မိမိနှင့် လူ့အဖွဲ့အစည်းအပေါ် မည်သို့သောရလဒ်များ ဖြစ်ပေါ်စေသည်ဆိုသည့် အချက်များပင်ဖြစ်ပါသည်။

ပညာသည် ကောင်းကျိုးဖြစ်ထွန်းစေနိုင်သကဲ့သို့ ကိုယ်ကျိုးအတွက်သာ အသုံးချပါက အခြားသူများအပေါ် ထိခိုက်မှုများလည်း ဖြစ်ပေါ်စေနိုင်ပါသည်။ ထို့ကြောင့် ပညာရှိခြင်းနှင့် ပညာကို မှန်ကန်စွာ အသုံးချတတ်ခြင်းတို့ကို ခွဲခြားစဉ်းစားရန် လိုအပ်ပါသည်။ အသိပညာရှိသော်လည်း ကိုယ်ကျင့်တရားနှင့် တာဝန်ယူမှုကင်းမဲ့နေပါက ထိုပညာသည် လူ့အဖွဲ့အစည်းအတွက် မျှော်လင့်ထားသည့် အကျိုးကျေးဇူးများကို ဖော်ဆောင်နိုင်မည်မဟုတ်ပါ။ မိမိ၏အရည်အချင်းကို ကိုယ်ကျိုးစီးပွားအတွက်သာ အသုံးချခြင်း၊ သိရှိထားသောအချက်အလက်များကို အခြားသူများအပေါ် လွှမ်းမိုးရန်အသုံးပြုခြင်း၊ မိမိ၏ ဆုံးဖြတ်ချက်များကြောင့် ဖြစ်ပေါ်လာနိုင်သည့် အကျိုးဆက်များကို လျစ်လျူရှုခြင်းတို့သည် ပညာ၏ ရည်ရွယ်ချက်နှင့်မကိုက်ညီသော လုပ်ရပ်များ ဖြစ်ပါသည်။

ထို့ကြောင့် ပညာကို အကျိုးရှိစွာ အသုံးချနိုင်ရန် ရည်ရွယ်ချက်မှန်ကန်မှု၊ ကျင့်ဝတ်စောင့်ထိန်းမှု၊ ဝေဖန်ဆန်းစစ်နိုင်မှုနှင့် တာဝန်ယူမှုတို့ကို ပေါင်းစပ်ထားရန် လိုအပ်ပါသည်။ မိမိရရှိထားသော အသိပညာနှင့် အတွေ့အကြုံများကို အခြားသူများနှင့် မျှဝေခြင်း၊ လုပ်ဖော်ကိုင်ဖက်များနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊ လိုအပ်သူများကို ကူညီလမ်းညွှန်ခြင်းတို့ဖြင့် လက်တွေ့အသုံးချရပါမည်။ ထိုလုပ်ဆောင်ချက်များ၏ရလဒ်ကိုလည်း ပြန်လည်သုံးသပ်၍ လိုအပ်သည့် ပြုပြင်ပြောင်းလဲမှုများ ဆောင်ရွက်ရပါမည်။

ဥပမာအားဖြင့် ကျွမ်းကျင်သောဆရာတစ်ဦးသည် မိမိ၏ဘာသာရပ်ဆိုင်ရာ အသိပညာကို သင်ခန်းစာပို့ချရန်အတွက်သာ အသုံးပြုခြင်းမဟုတ်ဘဲ ကျောင်းသားများ၏ အသက်အရွယ်၊ သင်ယူနိုင်စွမ်းနှင့် လိုအပ်ချက်များအလိုက် သင်ကြားနည်းများကို ပြုပြင်အသုံးချနိုင်ပါသည်။ ထို့အတူ ဆရာဝန်တစ်ဦးသည် မိမိ၏ဆေးပညာ အတတ်ပညာကို လူနာများ၏ ကျန်းမာရေးအတွက် အသုံးချနိုင်သကဲ့သို့ အင်ဂျင်နီယာတစ်ဦးသည်လည်း မိမိ၏ နည်းပညာကျွမ်းကျင်မှုကို လူမှုဘဝလုံခြုံရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အသုံးချနိုင်ပါသည်။

စိုက်ပျိုးရေးပညာရှင်တစ်ဦးသည် တောင်သူများ၏ လက်တွေ့လိုအပ်ချက်များနှင့်ကိုက်ညီသော နည်းပညာများကို မျှဝေပေးခြင်းဖြင့် ထုတ်လုပ်မှုတိုးတက်ရေးကို အထောက်အကူပြုနိုင်ပါသည်။ ဤဥပမာများက ပညာ၏တန်ဖိုးသည် မိမိရရှိထားသော ဘွဲ့အမည် သို့မဟုတ် ရာထူးဂုဏ်သိန်းတွင်သာ မတည်ရှိဘဲ မိမိ၏ကျွမ်းကျင်မှုကို လူ့အဖွဲ့အစည်းအတွက် အကျိုးရှိစွာအသုံးချနိုင်မှုတွင် တည်ရှိကြောင်း ဖော်ပြနေပါသည်။

ဤအမြင်ကို နိုင်ငံတကာပညာရေးဆိုင်ရာ မူဘောင်များတွင်လည်း တွေ့မြင်နိုင်ပါသည်။ OECD ၏ Learning Compass 2030 မူဘောင်တွင် အသိပညာနှင့် ကျွမ်းကျင်မှုများအပြင် သဘောထား၊ တန်ဖိုးထားမှုနှင့် တာဝန်ယူမှုတို့ကို ပေါင်းစပ်အသုံးချ နိုင်ရန် အလေးပေးထားပါသည်။ UNESCO ၏ Global Citizenship Education လမ်းညွှန်တွင်လည်း အသိပညာရရှိခြင်း တစ်ခုတည်းမဟုတ်ဘဲ အခြားသူများကို လေးစားခြင်း၊ ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ခြင်းနှင့် လူ့အဖွဲ့အစည်းအတွက် တာဝန်သိစွာ ပါဝင်ဆောင်ရွက်ခြင်းတို့ကို အရေးကြီးသည့် သင်ယူမှုရလဒ်များအဖြစ် ဖော်ပြထားပါသည်။ ဤမူဘောင်များသည် ပညာကို သိရှိနားလည်ရုံသာမက လက်တွေ့ဘဝတွင် မှန်ကန်စွာအသုံးချတတ်ရန်လိုအပ်ကြောင်း အားပြည့်ဖော်ပြနေပါသည်။

ထို့ကြောင့် ပညာတတ်ပုဂ္ဂိုလ်တစ်ဦးအနေဖြင့် မိမိ၏အသိပညာကို ကိုယ်ကျိုးအတွက်သာ အသုံးချခြင်းထက် အများအကျိုးနှင့် လူမှုဖွံ့ဖြိုးတိုးတက်ရေးအတွက်ပါ ရည်ရွယ်အသုံးချသင့်ပါသည်။ မိမိ၏ လုပ်ဆောင်ချက်များကို ရိုးသားမှု၊ တရားမျှတမှုနှင့် တာဝန်ယူမှုတို့ဖြင့် စိစစ်သုံးသပ်နိုင်ရပါမည်။ အခြားသူများ၏အမြင်ကို နားထောင်ခြင်း၊ အတွေ့အကြုံများ မျှဝေခြင်းနှင့် အကျိုးရှိသောလုပ်ငန်းများတွင် ပူးပေါင်းပါဝင်ခြင်းတို့သည်လည်း ပညာကို လူမှုအကျိုးပြုသည့် စွမ်းအားတစ်ရပ်အဖြစ် ဖော်ဆောင်ပေးနိုင်ပါသည်။

အသိဉာဏ်ပညာနှင့် ကိုယ်ကျင့်တရားသည် ခွဲခြား၍မရ

ဉာဏ်ရည်ထက်မြက်ခြင်းနှင့် အသိဉာဏ်ပညာရှိခြင်းသည် အဓိပ္ပာယ်တူညီခြင်းမရှိပါ။ ဉာဏ်ရည်ထက်မြက်သူသည် မိမိလိုလားသော ရည်မှန်းချက်ကို အောင်မြင်အောင် ဆောင်ရွက်နိုင်သော်လည်း အသိဉာဏ်ပညာရှိသူသည် မိမိ၏လုပ်ရပ်သည် အခြားသူများအပေါ် မည်သို့အကျိုးသက်ရောက်မည်ကိုပါ ထည့်သွင်းစဉ်းစားနိုင်သူဖြစ်သည်။ မိမိ၏ ရာထူး၊ အာဏာ၊ အသိပညာနှင့် အတွေ့အကြုံတို့ကို အသုံးပြု၍ အခြားသူများအပေါ် မတရားအသာစီးယူခြင်း၊ မိမိအကျိုးအတွက် အခွင့်အရေးကို အသုံးချခြင်းနှင့် မမှန်ကန်သော ဆုံးဖြတ်ချက်များ ချမှတ်ခြင်းတို့သည် ပညာ၏ဂုဏ်သိက္ခာနှင့် မကိုက်ညီပေ။ အမှန်တကယ် အသိဉာဏ်ပညာရှိသူသည် မိမိ၏အကျိုးစီးပွားကိုသာကြည့်ဘဲ တရားမျှတမှု၊ ရိုးသားမှု၊ တာဝန်ယူမှုနှင့် အခြားသူများ၏ အခွင့်အရေးကိုလည်း လေးစားတတ်ရမည်။ ထို့ကြောင့် ပညာ၏ အဆင့်အတန်းကို မြှင့်တင်လိုပါက အသိပညာနှင့် အတူကိုယ်ကျင့်တရားကိုလည်း တည်ဆောက်ရမည် ဖြစ်ပါသည်။

ရာထူးနှင့် တာဝန်ကို စည်းကမ်းဥပဒေဘောင်အတွင်း ထမ်းဆောင်ခြင်း

အများပြည်သူနှင့်သက်ဆိုင်သော လုပ်ငန်းမျှသာမဟုတ်ပေ။ ကျောင်းသား ကျောင်းသူများ၏ အသိဉာဏ်၊ အကျင့်စာရိတ္တနှင့် လူမှုဆက်ဆံရေး စွမ်းရည်တို့ တိုးတက်လာစေရန် လမ်းညွှန်ပေးရသည့် တာဝန်လည်းပါဝင်သည်။ ဆရာတစ်ဦးသည် မိမိ၏သင်ကြားရေးတာဝန်ကို အချိန်မှန်ထမ်းဆောင်ခြင်း၊ ကျောင်းသားအားလုံးအပေါ် မျှတစွာဆက်ဆံခြင်း၊ အကဲဖြတ်ရာတွင် ဘက်လိုက်မှုမရှိခြင်း၊ ကျောင်းသားများ၏ ဂုဏ်သိက္ခာနှင့် ကိုယ်ရေးအချက်အလက်များကို လေးစားခြင်းတို့ကို လိုက်နာသင့်သည်။

မိမိ၏ရာထူးနှင့် သင်ကြားရေးအခွင့်အာဏာကိုအသုံးပြု၍ မမျှတသောအကျိုးခံစားခွင့်များ တောင်းဆိုခြင်း၊ ကျောင်းသားများကို ကိုယ်ကျိုးအတွက်အသုံးချခြင်းနှင့် ပညာရေးဆိုင်ရာ ဆုံးဖြတ်ချက်များတွင် အကျိုးစီးပွား ပဋိပက္ခဖြစ်ပေါ်စေခြင်းတို့ကို ရှောင်ကြဉ်ရမည်။ ဆရာ၏အပြောအဆိုနှင့်လုပ်ရပ်တို့သည် ကျောင်းသားများအတွက် သင်ခန်းစာတစ်ရပ်ဖြစ်သောကြောင့် မိမိကိုယ်တိုင်

ပညာသည် ကောင်းကျိုးဖြစ်ထွန်းစေနိုင်သကဲ့သို့ ကိုယ်ကျိုးအတွက်သာ အသုံးချပါက အခြားသူများအပေါ် ထိခိုက်မှုများလည်း ဖြစ်ပေါ်စေနိုင်ပါသည်။ ထို့ကြောင့် ပညာရှိခြင်းနှင့် ပညာကို မှန်ကန်စွာအသုံးချတတ်ခြင်းတို့ကို ခွဲခြားစဉ်းစားရန် လိုအပ်ပါသည်။ အသိပညာရှိသော်လည်း ကိုယ်ကျင့်တရားနှင့် တာဝန်ယူမှုကင်းမဲ့နေပါက ထိုပညာသည် လူ့အဖွဲ့အစည်းအတွက် မျှော်လင့်ထားသည့် အကျိုးကျေးဇူးများကို ဖော်ဆောင်နိုင်မည်မဟုတ်ပါ။ မိမိ၏အရည်အချင်းကို ကိုယ်ကျိုးစီးပွားအတွက်သာ အသုံးချခြင်း၊ သိရှိထားသောအချက်အလက်များကို အခြားသူများအပေါ် လွှမ်းမိုးရန် အသုံးပြုခြင်း၊ မိမိ၏ ဆုံးဖြတ်ချက်များကြောင့် ဖြစ်ပေါ်လာနိုင်သည့် အကျိုးဆက်များကို လျစ်လျူရှုခြင်းတို့သည် ပညာ၏ ရည်ရွယ်ချက်နှင့်မကိုက်ညီသော လုပ်ရပ်များ ဖြစ်

ဆရာ ဆရာမတို့၏ ပညာရေးဆိုင်ရာ တာဝန်နှင့် စံနမူနာကောင်း

ပညာရေးနယ်ပယ်တွင် ဆရာ ဆရာမများ၏ တာဝန်သည် စာပေဗဟုသုတများကို သင်ကြားပေးရုံစည်းကမ်းလိုက်နာခြင်းဖြင့်သာ မှန်ကန်သော စံနမူနာကို ပြသနိုင်မည်ဖြစ်သည်။

အပြန်အလှန်နားလည်မှုနှင့် ပူးပေါင်းဆောင်ရွက်မှုကို တည်ဆောက်ခြင်း

ပညာကို အများအကျိုးအတွက် အသုံးချနိုင်ရန် တစ်ဦးတစ်ယောက်၏ ကြိုးပမ်းမှုတစ်ခုတည်းဖြင့် မလုံလောက်ပေ။ မိသားစု၊ ပညာရေးအဖွဲ့အစည်း၊ လုပ်ငန်းခွင်နှင့် လူမှုအသိုင်းအဝိုင်းတို့အတွင်း အပြန်အလှန်နားလည်မှု၊ ယုံကြည်မှုနှင့်ပူးပေါင်းဆောင်ရွက်မှုတို့ လိုအပ်သည်။ အတွေ့အကြုံရှိသူများက မိမိတို့၏ အသိပညာကို မျိုးဆက်သစ်များနှင့် မျှဝေပေးခြင်း၊ လူငယ်များကလည်း အကြံပြုချက်များကို လေးစားစွာနားထောင်ပြီး သင်ယူခြင်းတို့သည် ပညာမျှဝေသည့် ယဉ်ကျေးမှုကိုဖြစ်ထွန်းစေသည်။

အမြင်မတူညီမှုများရှိလာပါက အပြစ်တင်ခြင်းနှင့် အနိုင်ယူခြင်းထက် အကြောင်းပြချက်ဖြင့် ဆွေးနွေးခြင်း၊ တစ်ဦး၏အခက်အခဲကို တစ်ဦးက နားလည်ပေးခြင်းနှင့် အများအကျိုးကို ဦးတည်၍ အဖြေရှာခြင်းတို့ကို ဦးစားပေးရမည်ဖြစ်ပါသည်။ ထိုသို့သော ပူးပေါင်းဆောင်ရွက်မှုသည် အဖွဲ့အစည်းတစ်ခု၏ စွမ်းဆောင်ရည်ကို မြှင့်တင်ပေးရုံသာမက လူ့အဖွဲ့အစည်းအတွင်း ငြိမ်းချမ်းပြီး တာဝန်ယူမှုရှိသော ဆက်ဆံရေးများကိုလည်း တည်ဆောက်ပေးနိုင်သည်။

စာမျက်နှာ ၁၉ သို့ ◎



သရက်ချောင်းမြို့ ရတနာအောင်သိဒ္ဓိမြို့ဦးစေတီ တန်ဆောင်တိုင်ပွဲတော်နှင့် မီးပုံးပျံလွှတ်တင်ပူဇော်ပွဲ ကျင်းပ

သရက်ချောင်း နိုဝင်ဘာ ၂၃

တနင်္သာရီတိုင်းဒေသကြီး သရက်ချောင်းမြို့ မြို့မရပ်ကွက်ရှိ ရတနာအောင်သိဒ္ဓိမြို့ဦးစေတီ၌ ယနေ့ည နေပိုင်းတွင် တန်ဆောင်တိုင်ပွဲတော်နှင့် မီးပုံးပျံလွှတ်တင်ပူဇော်ခြင်းကို ရပ်နီး ရပ်ဝေးမှ ဘုရားဖူးပြည်သူများက အေးချမ်းပျော်ရွှင်စွာဆင်နွှဲခဲ့ကြသည်။

ထိုသို့ ကျင်းပရာတွင် မြို့ဦးစေတီဘုရားပွဲနှင့်အတူ ဗုဒ္ဓရုပ်ပွားတော်ခြောက်ဆူအား ပူဇော်ထားရှိရာ ရပ်နီး ရပ်ဝေးမှ ဘုရားဖူးပြည်သူများကပန်း၊ ဆီမီး၊ အလှူငွေများ လှူဒါန်းကြပြီး ညပိုင်းတွင် သရက်ချောင်းမြို့မြတ်ပါရမီပရဟိတအသင်းက စုပေါင်းပြုလုပ်ထားသော မီးပုံးပျံကြိုးနှင့် ပြည်သူများကမီးပုံးပျံအသေးအလုံး ၁၀၀အား လွတ်တင်ပူဇော်ခဲ့ကြောင်း သိရသည်။

ပြည့်ဖြိုးပိုင်(ပြန်/ဆက်)

ရန်ကုန်မြို့ ပြည်သူ့ရင်ပြင်၌ စားသုံးဆီများ သက်သာသောဈေးနှုန်းဖြင့် ရောင်းချ

ရန်ကုန် နိုဝင်ဘာ ၂၃

ရန်ကုန်မြို့ ပြည်သူ့ရင်ပြင်၌ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့က ကြီးမှူးကျင်းပသော တန်ဆောင်တိုင်MSMEဈေးရောင်းပွဲတော်နှင့် ဂိတဖျော်ဖြေပွဲတွင် မြန်မာနိုင်ငံ ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များ အသင်းဝင် ဆီစက်များ၊ ကုမ္ပဏီများနှင့် လုပ်ငန်းရှင်များက ယနေ့နံနက် ပိုင်းတွင် ပြည်သူများ စားသုံးဆီများကို သက်သာသောနှုန်းထားဖြင့် ရောင်းချပေးလျက်ရှိသည်။

မြန်မာနိုင်ငံ ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များ အသင်းဝင် ဆီစက်များနှင့် ကုမ္ပဏီများ၊ လုပ်ငန်းရှင်များ ဖြစ်ကြသော Global Good Pure Group Co., Ltd. က စံချိန်အမှတ်တံဆိပ် နေကြာဆီ၊ မြေပဲဆီနှင့် ပဲပိစပ်ဆီ၊ ဦးအောင်မြမင်း စံဖြိုးအမှတ်တံဆိပ် မြေပဲဆီသန့်၊ Myat Ay Kan Co.,Ltd. က ရွှေမြတ်အမှတ်တံဆိပ်အဆင့်မြင့် ဟင်းသီးဟင်းရွက်ဆီ၊ Wilmar Myanmar Edible Oils Limited က Meizan



အမှတ်တံဆိပ်အဆင့်မြင့် ဟင်းသီးဟင်းရွက်ဆီ၊ MGND & YGND Com. က ရွှေတောင်အမှတ်တံဆိပ် မြေပဲဆီသန့်၊ ထွန်းတောက်နိုင် Com.** က ငွေဇင်မင်း အမှတ်တံဆိပ် မြေပဲဆီသန့်၊ Pahtma Group Co., Ltd. က Healthy Chef အမှတ်တံဆိပ် ပဲပိစပ်ဆီနှင့် နေကြာဆီ၊ Golden House Industry က ရွှေအမှတ်တံဆိပ် မြေပဲဆီသန့်၊ Aung Zabu Mahar Co., Ltd. က Icon အမှတ်တံဆိပ် အဆင့်မြင့် ဟင်းသီးဟင်းရွက်ဆီများကို ပြည်သူများအား သက်သာသောဈေးနှုန်းဖြင့် ရောင်းချပေးလျက်ရှိသည်။

အဆိုပါ သီတင်းကျွတ် MSME ဈေးရောင်းပွဲတော်နှင့် ဂိတဖျော်ဖြေပွဲကို နိုဝင်ဘာ ၂၁ ရက်မှ ၂၄ ရက်အထိ ကျင်းပသွားမည်ဖြစ်ရာ ဆီစားသုံးသူ ပြည်သူများ အနေဖြင့် ကြည့်ရှုလေ့လာဝယ်ယူနိုင်ကြောင်း သိရသည်။

အောင်မြင့်(ပြန်/ဆက်)

ဆီဆိုင်မြို့နယ်၌ သောက်သုံးရေပြတ်လပ်မှု မရှိစေရေးနှင့် သောက်သုံးရေများ စနစ်တကျသုံးစွဲရေး အသိပညာပေး

ဆီဆိုင် နိုဝင်ဘာ ၂၃

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ဆီဆိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အယ်လ်နီညိုရာသီဥတု ဖြစ်စဉ်ကြောင့် ရေအရင်းအမြစ်များ လျော့နည်းမှုနှင့် ရေရှားပါးပြတ်လပ်မှုများ မဖြစ်ပေါ်စေရေး၊ သောက်သုံးရေများ ဖူလုံစွာသုံးစွဲနိုင်ရေးအတွက် အသိပညာပေးခြင်းနှင့် ကွင်းဆင်းစစ်ဆေးခြင်းများကို ယနေ့နံနက် ပိုင်းတွင် တာဝန်ရှိသူများက ကွင်းဆင်းဆောင်ရွက်ခဲ့သည်။



ပြောကြား

ဆီဆိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများသည် ဖာလိုင်(အရှေ့)ကျေးရွာ၊ ဖာလိုင်(အနောက်) ကျေးရွာ၊ လွယ်တဖြီးကျေးရွာနှင့် ဖြီဟန်းခါးကျေးရွာတို့ရှိ ကျေးလက်နေပြည်သူများနှင့် တွေ့ဆုံ၍ ရေရှားပါးပြတ်လပ်မှု မဖြစ်ပေါ်စေရေးအတွက် အများပြည်သူလိုက်နာရမည့်ရှောင်ရန်၊ဆောင်ရန် အချက်များ၊ သောက်သုံးရေသိလှောင်ထားရှိရမည့် စနစ်များနှင့် ရေကို အလေအလွင့်မရှိစနစ်တကျ ချွေတာသုံးစွဲရေးတို့ကို အသိပညာပေး ပို့စတာများဖြင့် ရှင်းလင်း ပြောကြားခဲ့ကြောင်း သိရသည်။

ကာရံ (ကျေးလက်)

အောင်လံမြို့နယ်၌ မီးဘေးလုံခြုံရေး စစ်ဆေးခြင်းနှင့် လက်တွေ့သရုပ်ပြ မီးငြိမ်းသတ်ခြင်းများ ဆောင်ရွက်

အောင်လံ နိုဝင်ဘာ ၂၃

မကွေးတိုင်းဒေသကြီး အောင်လံမြို့နယ် မီးသတ်ဦးစီးဌာနမှ မီးဘေးလုံခြုံရေး အသိပညာပေးခြင်းနှင့် လက်တွေ့သရုပ်ပြ မီးငြိမ်းသတ်ခြင်း လုပ်ငန်းများကို နိုဝင်ဘာ ၂၃ ရက်တွင် အောင်လံမြို့ရှိ စိန်နန်းတော် စက်သုံးဆီအရောင်းဆိုင်၌ ဆောင်ရွက်သည်။

ထိုသို့ ဆောင်ရွက်ရာတွင် အောင်လံမြို့နယ် မီးသတ်ဦးစီးဌာနမှ တာဝန်ရှိသူများနှင့် မီးသတ်တပ်ဖွဲ့ဝင်များက စိန်နန်းတော် စက်သုံးဆီ အရောင်းဆိုင်အတွင်း မီးဘေးလုံခြုံရေးဆိုင်ရာ ကြိုတင်ပြင်ဆင်ထားရှိမှု အခြေအနေများ၊ မီးသတ်ဆေးဘူးများ ကောင်းမွန်ကြံ့ခိုင်မှု ရှိ/မရှိနှင့် လျှပ်စစ်သွယ်တန်းထားရှိမှုများကို စစ်ဆေးခဲ့ကြသည်။



ဆက်လက်၍ ဆိုင်ဝန်ထမ်းများအား မီးလောင်မှုဖြစ်ပွားရသည့် အကြောင်းရင်းများ၊ မီးဘေးကြိုတင်ကာကွယ်ရေး နည်းလမ်းများနှင့် စက်သုံးဆီမီးလောင်မှုဖြစ်ပွားပါက စနစ်တကျ တုံ့ပြန်ငြိမ်းသတ်ရမည့် နည်းစနစ်များကို အသိပညာပေး ရှင်းလင်းပြောကြားခဲ့ပြီး မီးသတ်ဆေးဘူး အသုံးပြု၍ လက်တွေ့သရုပ်ပြ မီးငြိမ်းသတ်ခြင်းများကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ ကောင်းစစ်နိုင်

လျှပ်စစ်သုံးလျှင် သတိယှဉ် ဝန်အားမမျှ မသုံးရ

◎ စာမျက်နှာ ၁၈ မှ

ပညာ၏ဂုဏ်သိက္ခာကို လက်တွေ့လုပ်ရပ်ဖြင့် သက်သေပြခြင်း

ဘွဲ့ဒီဂရီတစ်ခု ရရှိခြင်းသည် ပညာသင်ယူမှု၏ အရေးပါသော မှတ်တိုင်တစ်ခုဖြစ်သော်လည်း ပညာ၏အဆုံးသတ်မဟုတ်ပေ။ ဘွဲ့ရရှိပြီးနောက်တွင်လည်း မိမိ၏အသိပညာကို ဆက်လက်ဖြည့်ဆည်းခြင်း၊ အသစ်ဖြစ်ပေါ်လာသော အခြေအနေများကို လေ့လာခြင်း၊ မိမိ၏အမှားကို ဝန်ခံပြင်ဆင်ခြင်းနှင့် သက်ဆိုင်ရာစည်းကမ်းများကို လိုက်နာခြင်းတို့ကို ဆက်လက်ဆောင်ရွက်ရမည်။ အထူးသဖြင့် ပညာရေးဆိုင်ရာ ဘွဲ့နှင့်ရာထူးများကို ဂုဏ်ယူခြင်းသည် သင့်လျော်သော်လည်း ထိုဂုဏ်ကိုအသုံးပြု၍ အခြားသူများထက် မိမိသာလွန်မြင့်ကြောင်း ပြသခြင်းမပြုသင့်ပေ။ မိမိ၏လုပ်ရပ်များသည် မိမိရရှိထားသော ပညာနှင့် ဘွဲ့၏ဂုဏ်သိက္ခာကို ထင်ဟပ်စေရမည်။ မိမိသိရှိထားသောပညာကို မျှဝေပေးခြင်း၊ အကျိုးရှိသော အကြံဉာဏ်များပေးခြင်းနှင့် အများပြည်သူ၏ ယုံကြည်မှုကို တည်ဆောက်ပေးခြင်းတို့သည် ပညာတတ်တစ်ဦး၏ တန်ဖိုးကို လက်တွေ့ဖော်ပြသည့် လုပ်ရပ်များဖြစ်သည်။

ပညာနှင့် အသိဉာဏ်ပညာသည် လူတစ်ဦး၏ ကိုယ်ပိုင်အောင်မြင်မှုအတွက်သာမက လူ့အဖွဲ့အစည်း၏ အနာဂတ်ကိုပုံဖော်ပေးနိုင်သည့် အဖိုးတန် အင်အားများဖြစ်သည်။ ထို့ကြောင့် မိမိတို့ရရှိထားသောပညာကို လောဘနှင့် ကိုယ်ကျိုးအတွက်သာ အသုံးချခြင်းမပြုဘဲ အများအကျိုးအတွက် တာဝန်သိစွာ အသုံးချကြရန် လိုအပ်သည်။ ဆရာ ဆရာမများအနေဖြင့်လည်း မိမိတို့၏ ဘွဲ့ဂုဏ်၊ ပညာဂုဏ်နှင့် သင်ကြားရေးဂုဏ်သိက္ခာတို့ကို စကားဖြင့် သာမက လုပ်ရပ်ဖြင့် ထိန်းသိမ်းကြရမည်။ ကျောင်းသားများ၏အခြင့်နှင့် ခံစားချက်များကို နားလည်ပေးခြင်း၊ မိမိ၏အခြင်ကိုလည်း ရှင်းလင်းစွာမျှဝေပေးခြင်း၊ အပြန်အလှန်လေးစားမှုနှင့် ယုံကြည်မှုကို တည်ဆောက်ခြင်းတို့ဖြင့် ပြည့်စုံသော သင်ကြားရေးပတ်ဝန်းကျင်ကို ဖန်တီးနိုင်မည်ဖြစ်သည်။

အမှန်တကယ် ပြည့်စုံသော ဆရာတစ်ဦးဖြစ်ရန်မှာ ပညာရပ်ဆိုင်ရာ ကျွမ်းကျင်ထူးချွန်မှု တစ်ခုတည်းဖြင့် မလုံလောက်ပါ။ မေတ္တာနှင့် စေတနာထား၍ ကျောင်းသားများကို သင်ကြားလမ်းညွှန်ပေးခြင်း၊ ကိုယ်ကျင့်တရားကောင်းမွန်မှုဖြင့် စံနမူနာပြခြင်း၊ တာဝန်ယူမှုရှိစွာ သင်ကြားရေးလုပ်ငန်းများကို ဆောင်ရွက်ခြင်းနှင့် ကျောင်းသား၊ မိဘ၊ လုပ်ဖော်ကိုင်ဖက်များအကြား အပြန်အလှန်ပူးပေါင်း ဆောင်ရွက်မှုကို တည်ဆောက်ခြင်းတို့ လိုအပ်ပါသည်။ ထိုသို့သော အရည်အသွေးများကို လက်တွေ့ လုပ်ဆောင်မှုများတွင် ပေါ်ပေါက်အသုံးချနိုင်ပါက ကျောင်းသားများ၏ ပညာရည်၊ အကျင့်စာရိတ္တနှင့် လူမှုဆက်ဆံရေးစွမ်းရည်တို့ တိုးတက်လာမည်ဖြစ်ပြီး ယုံကြည်လေးစားမှုရှိသော သင်ကြားသင်ယူမှု ပတ်ဝန်းကျင်ကောင်းတစ်ခုကိုလည်း ဖန်တီးနိုင်မည်ဖြစ်ပါသည်။

မိမိဘဝတိုးတက်ရေးအတွက် ပညာကိုဆည်းပူးပါ။ အများအကျိုးဖြစ်ထွန်းရေးအတွက် ပညာကို မှန်ကန်စွာအသုံးချပါ။ အသိဉာဏ်ပညာကို လောဘ၏ လက်နက်အဖြစ်မဟုတ်ဘဲ လူ့အဖွဲ့အစည်း၏ အကျိုးပြုအင်အားအဖြစ် အသုံးချကြပါစို့။ ထိုသို့ အသုံးချနိုင်သည့်အခါမှသာ ပညာသည် လူတစ်ဦး၏ ဂုဏ်သိက္ခာကို ဖြင့်တင်ပေးရုံသာမက လူ့အဖွဲ့အစည်း၏ တိုးတက်ရေးကိုပါ အထောက်အကူပြုနိုင်မည်ဖြစ်ပါသည်။ အပြန်အလှန်နားလည်မှု၊ လေးစားမှုနှင့် ယုံကြည်မှုတို့ဖြင့် ဆရာနှင့်တပည့်၊ အတွေ့အကြုံရှိသူနှင့် ဗျိုးဆက်သစ်တို့ လက်တွဲကာ ပညာ၏ဂုဏ်သိက္ခာကို မြှင့်တင်နိုင်သော စံပြပညာရေးအသိုင်းအဝိုင်းတစ်ရပ်ကို အတူတကွတည်ဆောက်ကြပါစို့။ ။

■

ပြင်ဦးလွင်မြို့၌ (၂၆) ကြိမ်မြောက် မသိုးသင်္ကန်း ရက်ကန်းခတ်ပူဇော်ပွဲကျင်းပ

ပြင်ဦးလွင် နိုဝင်ဘာ ၂၃

မန္တလေး တိုင်းဒေသကြီး ပြင်ဦးလွင်မြို့တွင် တည်ထားကိုးကွယ်လျက်ရှိသော မဟာအုံထူးကံသာ ဆုတောင်းပြည့် ဘုရားကြီးတွင် မသိုးသင်္ကန်း ရက်ကန်းခတ်ပူဇော်ပွဲကို ၁၃၈၈ ခုနှစ် တန်ဆောင်မုန်းလဆန်း ၁၄ ရက် (နိုဝင်ဘာ ၂၃ ရက်)ညနေ ၆ နာရီက ဘုရားကြီးရင်ပြင်ပေါ်၌ ကျင်းပသည်။



အဆိုပါ မဟာအုံထူးကံသာ ဆုတောင်းပြည့်ဘုရား (၂၆) ကြိမ်မြောက် မသိုးသင်္ကန်းရက်ကန်း ခတ်ပွဲကို တာဝန်ရှိသူများက ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြပြီး ရက်ကန်းခတ်နေမှုအား လှည့်လှည့်ကြည့်ရှုသည်။

ထို့နောက် မသိုးသင်္ကန်း ရက်ကန်းခတ် ပူဇော်ပွဲတွင် သုမာလာ၊ သုစိတ္တာ၊ သုနန္ဒာ၊ သုမဂ္ဂာနှင့် သုဇီတာ စသည့် ရက်ကန်းစင်များဖြင့် မိမိတို့ ရက်ကန်းစင်အလိုက် မသိုးသင်္ကန်းကို အချိန်မီပြီးစီးနိုင်ရန် အတွက် ရက်ဖောက်ရောက်ခြင်း၊ ချည်ဆက်ခြင်း၊ ရက်ကန်းခတ်ခြင်း၊ ရက်ကန်းစင် ငါးစင်မှ ရရှိသော သင်္ကန်းကို ဆက်ချုပ်ခြင်းတို့အား အချိန်နှင့်တစ်ပြေးညီ တက်ညီလက်ညီ ပူးပေါင်းဆောင်ရွက်နေကြောင်း ရက်ကန်းခတ်အဖွဲ့မှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ဆက်လက်ပြီး မဟာအုံထူးကံသာဆုတောင်းပြည့်ဘုရားကြီးအား ရည်စူး၍ ဘုရားကြီးရင်ပြင်ပေါ်၌ စိန်နားပန်မီးပုံးပျံများအား လွှတ်တင်ပူဇော်ခဲ့ရာ ဒေသခံပြည်သူများနှင့် ခရီးသွားပြည်သူများ စည်ကားလျက်ရှိကြောင်း သိရှိရသည်။ ခရိုင်(ပြန်/ဆက်)

လွိုင်လင်မြို့ အနန္တဇိနလောကချမ်းသာစေတီတော်မြတ်ကြီး၌ မသိုးသင်္ကန်းရက်လုပ်ပူဇော်ပွဲဖွင့်ပွဲကျင်းပ



လွိုင်လင် နိုဝင်ဘာ ၂၃

ရှမ်းပြည်နယ်(တောင်ပိုင်း) လွိုင်လင်မြို့ရှိ အနန္တဇိနလောကချမ်းသာစေတီတော်မြတ်ကြီး ရွှေထီးတော်တင်မင်္ဂလာ (၃)နှစ်ပြည့် အထိမ်းအမှတ် မသိုးသင်္ကန်းရက်လုပ်ဆက်ကပ်လှူဒါန်းပွဲ ဖွင့်ပွဲကို ယနေ့ညနေပိုင်းက ကျင်းပသည်။

အခမ်းအနားကို နယ်မြေခံတပ်နယ်မှူး၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်နှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး မသိုးသင်္ကန်းရက်လုပ်ကြသည့် ဝိသာခါစင်တော်၊ သုဇာတာစင်တော် အဖွဲ့များ ရက်လုပ်နေမှုကို ကြည့်ရှုအားပေးကြသည်။

မသိုးသင်္ကန်းများကို စေတီတော်အဝင်း ကိန်းဝပ်စပယ်တော်မူသည့် ဗုဒ္ဓရုပ်ပွားတော်များအား တန်ဆောင်မုန်းလပြည့် နံနက် ၄ နာရီခွဲတွင် ဆက်ကပ်လှူဒါန်းပူဇော်သွားမည်ဖြစ်ကြောင်း သိရသည်။

လွိုင်လင်မိုး

❖ အင်တာနက်ပေါ်တွင် သတင်းတု၊ သတင်းမှားများ လွှင့်တင်ခြင်း၊ မြန်မာ့ရိုးရာ ယဉ်ကျေးမှုနှင့် ကိုက်ညီမှုမရှိသည့် မဖွယ်မရာမှတ်တမ်းပုံများ၊ ဗီဒီယိုများအား ဖြန့်ဝေခြင်း၊ အခကြေးငွေဖြင့် ရောင်းချခြင်းများသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။

❖ အွန်လိုင်းလောင်းကစားကြော်ငြာများ လက်ခံကြော်ငြာပေးခြင်းသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။

ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂၄-၁၁-၂၀၂၆

ကျပ်/လီတာ

Fuel (လက်လီဈေးနှုန်း)	ရန်ကုန်	မန္တလေး	နေပြည်တော်	ပဲခူး	မကွေး	ထားဝယ်	စဉ့်ကူ	ပုသိမ်	မြစ်ကြီးနား	စစ်ကိုင်း	တာချီလိတ်	မော်လမြိုင်	လားရှိုး	တောင်ကြီး	လွိုင်ကော်	ဟားခါး
92 Ron	၃၈၀၅	၃၉၃၀	၃၉၂၀	၃၈၃၀	၃၉၀၅	၃၉၈၅	၄၀၂၀	၃၉၀၀	၄၂၅၀	၃၉၂၀	၄၀၅၀	၄၀၁၀	၃၉၇၀	၃၉၈၀	၄၂၂၀
95 Ron	၃၈၈၀	၄၀၃၅	၃၉၈၅	၃၈၉၅	၄၀၄၀	၄၀၅၅	၄၀၉၀	၃၉၆၅	၄၃၀၅	၃၉၈၅	၄၁၀၀	၄၀၈၀	၄၀၃၅	၄၀၄၅	၄၂၅၅
HSD (500 ppm)	၄၁၅၅	၄၃၀၀	၄၂၅၅	၄၁၇၀	၄၃၀၅	၄၄၂၀	၄၃၅၀	၄၂၄၅	-	၄၄၆၅	၄၂၅၅	၄၄၆၅	၄၃၄၀	၄၃၀၀	၄၃၀၀	၄၅၂၀
HSD (50 ppm)	၅၀၄၀	၅၁၃၅	၅၀၄၅	၅၀၅၅	၅၂၀၀	၅၂၃၅	၅၂၅၀	၅၁၂၅	၅၂၉၅	၅၂၂၀	၅၁၉၅	၅၂၃၀	၅၂၀၅	၅၁၉၅	၅၂၀၅	၅၂၄၅
HSD (10 ppm)	၅၀၄၀	၅၁၃၅	၅၀၄၅	၅၀၅၅	၅၂၀၀	၅၂၃၅	၅၂၅၀	၅၁၂၅	၅၂၉၅	၅၂၂၀	၅၁၉၅	၅၂၃၀	၅၂၀၅	၅၁၉၅	၅၂၀၅	၅၂၄၅

ကျပ်/လီတာ

Fuel (လက်ကားဈေးနှုန်း)	ရန်ကုန်	မန္တလေး
92 Ron	၃၆၁၁	၃၇၁၉
95 Ron	၃၆၇၀	၃၇၀၅
HSD (500 ppm)	၃၉၉၅	၄၀၆၁
HSD (50 ppm)	၄၀၀၁	၄၉၂၇
HSD (10 ppm)	၄၀၀၁	၄၉၂၇

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများ၀ယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၇၇၇

၀၆၇- ၄၁၁၂၈၂၊ ၀၉-၆၈၀၅၈၉၈၈၈

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

မြန်မာ့အသံနှင့်ခွပ်မြင်သံကြား

၂၄-၁၁-၂၀၂၆ ဆက်ရန်

MRTV HD

၀၆:၀၀ နိုင်ငံတော်သံမဃာနာယကအဖွဲ့ဥက္ကဋ္ဌအရာတော်
အမှုဆိုင်သော နိုင်ငံတော်သံမဃာနာယကအဖွဲ့
အရာထမ်းများ၏ တိုက်ဆက်ရွက်ထိုက်မှုတိုးမြှင့်
၀၇:၀၀ နံနက်ခင်းသတင်း
၀၇:၃၀ "သာယာလေသွတ်" တရားတော်
၀၈:၃၅ မသိုးသင်္ကြာသင်္ကန်းရက်လုပ်ပူဇော်ပွဲတော်
ဟရိဝေးဗုဒ္ဓရုပ်ပွားတော်
၀၉:၃၀ နတ်ဥယျာဉ်သီလဝေးဓာတ်တော်
၀၉:၃၀ ထုမြက်လုပရုဒ္ဒးယဉ်ကျေးမှုအလွမ်း
၁၀:၀၀ သတင်းထိုးကာသတင်း
၁၀:၃၅ ပိုးလုကုန်စံကထိန်ပွဲ
၁၂:၃၅ "သာယာလေသွတ်" တရားတော်
၁၃:၃၀ MRTV National News
၁၅:၃၀ Weekly MNL Review
၁၆:၃၅ ကယ်ဆယ်ရေးအနုပညာသတင်းများ

mitv

07:01 Evergreen Classic; Lat Yay Ta Pyin Dee (Having A Meal Together - Ye Htike)
07:09 Smiling Buddha
07:33 The Traditional Craft of Myanmar Lanterns
07:41 Clay Art On Canvas: Ricky Zachariah
08:01 News
08:27 Topics Potpourri; UK Observatory Monitors Rising Space Debris
08:33 Tazaungmone (Ep-2)
09:01 Luminaries of Buddha Sasana
09:28 Crafting the Light
09:39 Inn Yaung Village's Tazaungdine Night
09:48 The Southernmost City (Kawthaung)
10:01 News
10:27 Lifestyle & Entertainment (Weekly Updates)

MRTV NRC

ချွင်း (ရိုင်ဇိုး) (၀၆:၀၀ မှ ၀၇:၀၀)
သမ်ပယ်ဇရုယမိတို့ 'ချွင်း' စာ(အပိုင်း- ၂၁
ချွင်း (ချိုး) (၀၇:၀၀ မှ ၀၈:၀၀)
ချင်းဒိုးရာထုံရယများ
ပွန် (၀၈:၀၀ မှ ၁၀:၀၀)
ငါးပွဲတောင်သို့အလည်တစ်ခေါက်
ရခိုင် (၁၀:၀၀ မှ ၁၂:၀၀)
လှိုင်ဘာသာစကားဆိုင်ကြားနားစာ(အပိုင်း-၆)
ရှမ်း (၁၂:၀၀ မှ ၁၄:၀၀)
ပိုးရာဇဝါတိ်ဆီး(ဃ်)ရှမ်းထယ်းသုပ်
၀ (၁၄:၀၀ မှ ၁၆:၀၀)
ပန်လုံပြည်အလည်တစ်ခေါက်

MRTV NEWS

၀၆:၀၀ အစွဲ့ပေါ်ဆီသတင်း
၀၆:၀၅ လုပ်လုပ်ရာရာအားစားစား
၀၆:၁၀ ထုမြက်လုပရုဒ္ဒးယဉ်ကျေးမှုအလွမ်း
၀၇:၀၀ ပြည်တွင်းသတင်း (LIVE)
၀၇:၃၅ ကသိုလ်အဝင်ဆုံးရွာလမြက်စာနံ့ဆောင်တိုင်ဟု
၀၇:၃၀ နိုင်ငံတကာသတင်း (LIVE)
၀၇:၄၅ Save Our Planet Program
၁၀:၄၅ အသိပညာဥာဏ်ရေးတရား "မှတ်ဆင်ခြင်ခြင်း"
၁၁:၀၀ ပြည်တွင်းသတင်း (LIVE)
၁၂:၃၀ နိုင်ငံတကာသတင်း (LIVE)
၁၃:၀၀ MRTV National News
၁၄:၀၀ ပြည်တွင်းသတင်း (LIVE)
၁၆:၀၀ သတင်းမုန်းကုတ် (LIVE)
၁၈:၃၅ The Multi Sports Arena
၁၈:၃၅ ဓောင်းကယ်ကမြန်မာ့ဟိုးတာအရ
တန်ဆောင်တိုင်ပွဲတော်ဌာ
၁၉:၀၀ ပြည်တွင်းသတင်း (LIVE)
၂၀:၀၀ ပြည်တွင်းသတင်း (LIVE)

MRTV FARMERS

၀၆:၀၀ အစွဲ့ နိုင်ငံတော်သီချင်း
၀၆:၁၂ တောင်သူလယ်သမားရေးရာသတင်း
၀၆:၂၅ သမဝိုးမ အသင်းအဖွဲ့များစုစုပေါင်းမှစ်တုန်ပြီးများ
ပိုမိုထုတ်လုပ်ရှိ
၀၇:၃၅ စပြန်မှုမြစ်ရာမြေလတ်ဒေသဦးမှ
ဟင်းသီးဟင်းရွက်ရွာ
၀၈:၀၀ တတ်စရာမတ်စရာသောင်းပိုးကဏ္ဍ
၀၉:၀၀ "မွေးမြူရေးရာအမြတ်ရာ"
ကျန်းမာသုတင်းစွတ်းစရိုင်စားနွားမွေးမြူကြွယ်ရှိ
၁၀:၃၀ တရားမြို့ရွာ(အပိုင်း-၁၁)(တရုတ်တတ်လမ်းတွဲ)

MRTV MYANMAR

၀၆:၀၀ အစွဲ့၊ ဓမ္မပုတ္တဝေးသီချင်းများ
၀၆:၂၅ ကာတွန်းအစီအရဉ်
'ချစ်စရာသိုးဝေးရေ' (အပိုင်း- ၂၅)
၀၆:၄၅ မြန်မာသံစဉ်တေးများ
၀၇:၀၅ မြန်မာ့ဇာတ်လမ်းတွဲ
'ဘဝတော်နိုး' (အပိုင်း-၃)
၀၇:၅၅ ဟိုးတုန်းက...ကာလသတ်ဇာတ်လမ်းများ
'ငွေထောက်စရိုးဝင်းဒို့'
၀၉:၀၅ K Pop Music Gallery (96)
၀၉:၃၀ မြန်မာ့ရုပ်ရှင် (သေးရောပုံ)
"ကျန်စစ်မင်း"
၁၁:၀၀ ဟရိဝေးဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးတန်ဆောင်
တိုင်ပွဲတော် "ဝင်းသားဒေါင်ဝေဖြူ" ခံ
ဇာတ်သာင်းဆုံးဖြည့်ကိုးကိုးကိုထုတ်လွှင့်မှု

MRTV MRTV

၁၂:၀၀ အစွဲ့၊ အလံ
၁၃:၀၀ ဇာတိဃအကြိုပြည်သူ့ရွှေတော်
ဇာတိဃပုံနှစ်အစုံအဝေး (Replay)
၁၄:၀၀ ပြည်တွင်းသတင်း (၂၄-၁၁-၂၀၂၆)

MRTV PARLIAMENT

၀၇:၀၀ အစွဲ့၊ အလံ
၁၁:၀၀ ဇာတိဃအကြိုပြည်သူ့ရွှေတော်
ဇာတိဃပုံနှစ်အစုံအဝေး (Replay)
၁၂:၀၀ ပြည်တွင်းသတင်း (၂၄-၁၁-၂၀၂၆)

MRTV SPORTS

၀၆:၀၀ အစွဲ့
၀၆:၂၀ လူငယ်တို့အတွက်လမ်းပြကြမည်
၀၆:၃၅ Sports Diary
၀၇:၃၀ The Multi Sports Arena
၀၈:၀၀ (၃၁)ကြိမ်မြောက်အရှေ့တောင်အာရှအားကစား
ပြိုင်ပွဲအချိန်ယီးဘောလုံးပြိုင်ပွဲ (Replay)
(မြန်မာအသင်းနှင့်ဖိလစ်ပိုင်အသင်း)
၁၀:၀၀ အားကစားသတင်း

Scan Here

MRTV MRTV Radio MRTV Radio

Education Channel ကို ကွန်ပျူတာ(သို့)ဖုန်းမှ ဝင်ရောက်ကြည့်ရှုလိုပါက ကြည့်ရှုနိုင် ထုတ်လွှင့်ပြသပေးမည်ဖြစ်ပါသည်။

ဤ "ဗုဒ္ဓအကြောင်း သိကောင်းစရာမှတ်တမ်း" စာအုပ်သည် ဗုဒ္ဓဘာသာဝင်တိုင်း သိသင့်သိထိုက်သော ဗုဒ္ဓအကြောင်း မှတ်တမ်းတင်ခြင်းကို ရေးသားထားခြင်း ဖြစ်ပါသည်။ အစမှအဆုံးအထိ ဖတ်ကြည့်သောအခါ ဗုဒ္ဓဝင် ဖြစ်ပါသည်။ ဤစာအုပ်သည် မြတ်ဗုဒ္ဓ၏ သန္ဓေယူသည်မှ ပရိနိဗ္ဗာန်စံသည်(တေဇောဓာတ်လောင်ကျွမ်းခြင်း) အထိ စုဆောင်းဖော်ပြရေးသားထားပါသည်။ မကျဉ်းမကျယ်သော ဗုဒ္ဓအကြောင်း ဖြစ်ပါသည်။ စာရေးသူက တိုတိုနှင့်လိုရင်းသို့ရောက်အောင် ရေးပြထားပါသည်။ (စာတည်း)

ဗုဒ္ဓအကြောင်း သိကောင်းစရာမှတ်တမ်း

ဆရာကြည်



ရဟန်းတို့ကလည်း ဥပါသကာ ညောင်စောင်းပတ်လည်၌ ခင်းထားသောနေရာများတွင် ဝန်းရံလျက် ဥပါသကာနာကြားချင်သော "သတိပဋ္ဌာန" သုတ်တရားတော်ကို ရွတ်ဆိုကြလေသည်။ ထိုသို့ ရွတ်ဆိုနေချိန်၌ နတ်ပြည်ခြောက်ထပ်မှ နတ်သားများသည် ရထားခြောက်စင်းတို့ဖြင့်ရောက်၍ ဓမ္မိကဥပါသကာအား "ဤရထားပေါ်တက်ပါလော့၊ ကျွန်ုပ်တို့နတ်ပြည်၌ မွေ့လျော်ပါ" ဟု အသီးသီးဆိုကြပါသည်။ ဤသို့ပြုလုပ်သည်ကို ဥပါသကာ တစ်ဦးတည်းသာ မြင်ရသည်။

(၉-၁၁-၂၀၂၆ ရက်နေ့မှအဆက်)

သာမဏေကလည်း သူ၏ အကြိမ်ကြိမ် ရိုသေကျိုးနွံစွာ လျှောက်ထားမှုကြောင့် ကရဏာရှေ့ထား၍ လက်ခံလိုက်လေသည်။ သာမဏေရဟန္တာ၏ညွှန်ကြားစေခိုင်းသည့်အတိုင်း မနောဒွါရမှတစ်ပါး ကျန်အာရုံငါးပါးကိုပိတ်လျက် မနောဒွါရ၌ ပြုအပ်သောအမှုကိုပြုလျက် မိမိကိုယ်ခန္ဓာကို ဉာဏ်အာရုံသွင်း၍ ရဟန်းတရားကို အားထုတ်လေသည်။ ဘုရားရှင်သည် ကျောင်းတော်မှပင် ပေါ်ခြင်းမထေရ်ထံသို့ ရောင်ခြည်ကိုလွှတ်လျက် ရှေ့၌ ကိုယ်ထင်ရှားရှိသကဲ့သို့ ပြတော်မူပြီးလျှင် ဘုရားရှင်က "ပေါ်ခြင်း ကမ္မဋ္ဌာန်းအာရုံ၌ နှလုံးသွင်းမှတ်သားခြင်းကြောင့် ပညာဖြစ်ပေါ်ကြီးပွားစေ၏။ ကမ္မဋ္ဌာန်းအာရုံ အားထုတ်မှုမရှိခြင်းသည် ပညာများကုန်ခန်းစေ၏။ ပညာဖြစ်ပွားခြင်း၊ ပညာဆုတ်ယုတ်ခြင်းတို့၏ လမ်းနှစ်သွယ်ကို သိမြင်လျှင် ပညာတိုးပွားအောင် ကမ္မဋ္ဌာန်းအာရုံ၌ မိမိကိုယ်ကို ဘာဝနာသိမ်းသွင်းထားရာ၏"ဟူ၍ဂါထာဖြင့် ဟောကြားတော်မူလေသည်။ ပေါ်ခြင်းမထေရ်သည် ဘုရား၏တရားကို နာကြားပြီးသောအခါ ရဟန္တာဖြစ်သွားလေသည်။

ဓမ္မိကဥပါသကာထံ နတ်ရထားများ ဆိုက်လာခြင်း

သာဝတ္ထိပြည်၌ မဟာဓမ္မိကမည်သော ဥပါသကာ တစ်ဦးရှိသည်။ သူသည် အမြဲမပြတ်ရဟန်းတို့အား ဆွမ်းကပ်ခြင်း၊ ဒါနပြုခြင်း စသည်တို့ကိုပြုလုပ်ပြီးသောအခါငင်းသည်သီလဆောက်တည်၍နေသည်။ ထိုဥပါသကာမှာ ဇနီး၊ သားခုနစ်ယောက်၊ သမီးခုနစ်ယောက်ရှိသည်။ ငင်း၏ ဇနီးနှင့် သားသမီးတို့သည်လည်း ငင်းကဲ့သို့ ဒါနမှူးသီလမှူပြုကြလေသည်။

ဓမ္မိကသည် တစ်နေ့သောအခါ၌ အနာရောဂါသေလောက်အောင် ပြင်းထန်စွာခံစားနေရသည်။ ထိုအခါ ငင်းသည် တရားနာလို၍ ဘုရားရှင်ထံသို့ ရဟန်းတော်များလွတ်ပေးရန် လူလွှတ်၍ ပင့်ဆောင်စေသည်။

ရဟန်းတို့ကလည်း ဥပါသကာ ညောင်စောင်းပတ်လည်၌ ခင်းထားသောနေရာများတွင် ဝန်းရံလျက် ဥပါသကာနာကြားချင်သော "သတိပဋ္ဌာန" သုတ်တရားတော်ကို ရွတ်ဆိုကြလေသည်။ ထိုသို့ ရွတ်ဆိုနေချိန်၌ နတ်ပြည်ခြောက်ထပ်မှ နတ်သားများသည် ရထားခြောက်စင်းတို့ဖြင့်ရောက်၍ ဓမ္မိက ဥပါသကာအား "ဤရထားပေါ်တက်ပါလော့၊ ကျွန်ုပ်တို့နတ်ပြည်၌ မွေ့လျော်ပါ" ဟု အသီးသီးဆိုကြပါသည်။ ဤသို့ပြုလုပ်သည်ကို ဥပါသကာ တစ်ဦးတည်းသာ မြင်ရသည်။ ကျန်ပုဂ္ဂိုလ်များ မမြင်ရချေ။ ဥပါသကာသည် တရားနာသည်။ အနောင့်အယှက်မဖြစ်လို၍ "ဆိုင်းငံ့ကြပါဦး"ဟု ဆိုလိုက်လေသည်။ ထိုအခါ၌ ရဟန်းတို့က သူတို့ရွတ်နေသောတရားကို ရပ်ခိုင်းသည်ထင်၍ ဆိတ်ဆိတ်နေကြလေသည်။ သားသမီးတို့ကလည်း သူ၏ဖခင် သေဆုံးပြီထင်၍ ငိုကြွေးမြည်တမ်းကြလေသည်။

ထိုရဟန်းတို့ကလည်း သူတို့ရွတ်ဖတ်သည်ကို ရပ်၍ပြန်သွားကြလေသည်။ ထိုသို့သော ရဟန်းများပြန်သွားသည့်အခါ၌ ဥပါသကာသည် သတိပြန်ရလာ၍ သင်တို့အဘယ်ကြောင့် ငိုကြသနည်း။ ရဟန်းတို့ ဘယ်မှာနည်းဟု သူသားသမီးများကို မေးလေသည်။ ဥပါသကာသည် ငါ့အား နတ်သားတို့က ရထားဖြင့်လာရောက်ခေါ်သည့်အတွက် တားမြစ်ခြင်းသာဖြစ်ကြောင်း ပြောဆိုလေသည်။

ငင်း၏သားသမီးများက "ဖခင် သူတို့ရထားကို မမြင်၊ နတ်တို့ကိုမမြင်ပါ" ဟု ဆိုလေသည်။ သားသမီးတို့အား ဥပါသကာက "ငါ့အတွက် သီးကုံးထားသော ပန်းကုံးတို့ကိုယူ၍ ငါတို့ဖခင်ဖြစ်လိုသည့် တုသိတာနတ်ပြည်မှလာသော ရထားဦး၌ ချိတ်ဆွဲပါစေဟုအဓိဋ္ဌာန်ပြု၍ ပစ်မြောက်လွှတ်လော့"ဟု ဆိုလေသည်။ သားသမီးတို့သည် ဖခင်ဆိုသည့်အတိုင်း ပစ်လွှတ်လိုက်ရာ ပန်းကုံးတို့သည် ကောင်းကင်၌ ချိတ်ဆွဲလျက် တွဲလျက်ကျလေသည်။ ရထားများကို မမြင်ကြပါချေ။

ဥပါသကာသည် "ငါသည် နတ်ပြည်သို့သွားအံ့။ သင်တို့ မစိုးရိမ်ဖို့ မပူပင်ကြလင့်။ ငါ့ဆီသို့ လာလိုဖြစ်လိုလျှင် ငါပြုသည့်အတိုင်း ကုသိုလ်ကောင်းမှုများကိုပြုလော့"ဟု မှာပြီး သေသော် တုသိတာနတ်ပြည်၌ နတ်သားဖြစ်လေသည်။

ရဟန်းတို့သည် ဥပါသကာ၏ ဖြစ်ပျက်ပုံအလုံးစုံကို ဘုရားရှင်အား လျှောက်ထားကြလေသည်။ ဘုရားရှင်သည် ရဟန်းတို့အား "နတ်ပြည်ခြောက်ထပ်မှ နတ်သားများ လာရောက်နေသည်"ဟု ရှင်းပြလေသည်။ ထိုရဟန်းတို့က မြတ်စွာဘုရား ဤဥပါသကာသည် လူပြည်၌သာလည်း ဆွေမျိုးများအလယ်၌မွေ့လျော်စွာနေထိုင်ပြီးလျှင် ယခုသေလွန်သောအခါ၌လည်း မွေ့လျော်ဖွယ်ကောင်းသော နတ်စည်းစိမ်ကို ခံစားရပေ၏"ဟူ၍ လျှောက်ကြလေသည်။

ဘုရားရှင်က "ရဟန်းတို့ လျှောက်ထားသည့်အတိုင်း အမှန်ပေ၏။ ကောင်းမှုကို မလျော့သောသူတို့သည် လူဖြစ်စေ၊ ရဟန်းဖြစ်စေ ဤသို့သော မွေ့လျော်ကောင်းမွန်သည့် အရပ်၌သာ မွေ့လျော်ရပေသည်" ဟု ရဟန်းတို့အား မိန့်မှာသည်။ ဘုရားရှင်က ဆက်လက်၍ "ရဟန်းတို့ ကောင်းတာပြုသူသည် ယခုဘဝ၌လည်း ဝမ်းမြောက်ဝမ်းသာရှိရသည်။ နောင်တမလွန်ဘဝ၌လည်း ဝမ်းမြောက်ဝမ်းသာရှိရသည်။ ပစ္စုပ္ပန်ဘဝနှင့် နောင်တမလွန် နှစ်ဘဝလုံး၌ ဝမ်းမြောက်ဝမ်းသာချမ်းသာရ၏။ မိမိ၏ကောင်းမှုကံများကိုမြင်ရ၍ ဝမ်းမြောက်ရသည်။ သုဂတိဘုံသို့ ရောက်သောအခါထက်သာလွန်၍ ဝမ်းမြောက်ရ၏"ဟူ၍ ဂါထာဖြင့် ဟောကြားတော်မူလေသည်။

တိတ္ထိတို့၏ ဒါယကာများကို ချွတ်ခြင်း

သာဝတ္ထိပြည်၌ တိတ္ထိအယူရှိသော ဒါယကာများ ရှိကြသည်။ ငင်းတို့၏ သားသမီးများသည် သမ္မာအယူရှိသော ဒါယကာများ၏သားတို့နှင့် ကစားကြသည်။ ထိုအခါ၌ တိတ္ထိအယူရှိသော ဒါယကာများသည် သူတို့၏သားများကစားရာမှ ပြန်လာသောအခါ သားသမီးတို့အား "သားတို့ သည်သာကီန္ဓယ်ရဟန်းတို့ကို မရှိခိုးကြကုန်။ သူတို့၏ ကျောင်းသို့လည်း မသွားအပ်ကုန်" ဟု ကျိန်စာဆိုခိုင်းလေသည်။

တစ်နေ့သ၌ သမ္မာအယူရှိသော ဒါယကာတို့၏ သားများနှင့် တိတ္ထိတို့၏ ဒါယကာတို့၏ သားတို့နှင့်အတူကစား၍ မောပန်းကြသော် သမ္မာအယူရှိဒါယကာ၏ သားတို့သည် ဘုရားရှင် ကျောင်းတော်သို့သွား၍ ရသောက်ကြပါသည်။ တိတ္ထိတို့၏ ဒါယကာတို့၏သားတို့သည် ဘုရားကျောင်းသို့ အတူရောသွားမသောက်ကြဘဲ သူတို့အတွက်လည်း သင်တို့ ရသောက်ပြီးလျှင်ယူလာရန် မှာလိုက်ပါသည်။

သမ္မာအယူရှိသော ဒါယကာတို့၏သားတို့သည် ဘုရားကျောင်းတော်သို့သွား၍ ရသောက်ကြပါသည်။ ငင်းတို့သည် ဘုရားရှင်အား ဤအကျိုးအကြောင်း လျှောက်ထားပြောကြလေသည်။ ထိုအခါ ဘုရားရှင်က ငင်းတို့အား "သင်တို့နှင့်အတူ ရေလာမသောက်ကြသောသူများအား (တိတ္ထိအယူရှိ ဒါယကာတို့၏သားများ) ကျောင်းသို့လွတ်၍ ငါဘုရားဆီသို့လာရန်" မှာလိုက်လေသည်။

ဘုရားရှင်မှာလိုက်သည့်အတိုင်း တိတ္ထိတို့၏ ဒါယကာတို့၏သားများကို ဘုရားထံသို့ ခေါ်သွားကြလေသည်။ ဘုရားရှင်က ငင်းတို့အား သင့်တော်သောတရားကို ဟောကြားလိုက်ရာ သရဏဂုံတော်၌ တည်နေသည်။ ထိုသူငယ်တို့သည် အိမ်ပြန်ရောက်သောအခါ သူတို့၏မိဘတို့အား ဤသို့ဘုရားရှင် ဟောလိုက်သည်ကို အကြောင်းစုံပြောပြလေသည်။ ငင်းတို့သည် "ငါတို့သားတို့သည် ဖောက်ပြန်ပျက်စီးသောအယူကို ယူကြကုန်ပြီး ပျက်စီးကြလေသည်"ဟု ဆိုပြီး ငိုကြွေးမြည်တမ်းကြကုန်၏။

တတ်သိလိမ္မာသော အိမ်နီးနားချင်းတို့က တရားဟောပြသော် ထိုသူတို့က "သူတို့၏သားများကိုခေါ်၍ ရဟန်းဂေါတမထံသို့ အပ်နှင်းကြတော့အံ့"ဟု ဆွေမျိုးသားချင်းတို့ကိုပါခေါ်၍ ဇေတဝန်ကျောင်းတော်သို့ သွားကြလေသည်။

ဘုရားရှင်သည် သူတို့၏စိတ်ကိုသိ၍ "ဒါယကာတို့ အပြစ်မရှိသော တရားမှန်ကို အပြစ်ရှိသည်ဟု ယူဆကြပြီး အပြစ်ရှိသော တရားတို့ကို အပြစ်မရှိသည်ဟု လွဲမှားစွာယူဆကြသော မိစ္ဆာဒိဋ္ဌိအယူရှိသူတို့သည် ဒုဂ္ဂတိဘဝသို့ ရောက်ကြကုန်၏။ အပြစ်ရှိသော တရားမှားကို အပြစ်ရှိသည်ဟုလည်းကောင်း၊ အပြစ်မရှိသော တရားမှန်ကို အပြစ်မရှိဟုလည်းကောင်း သိမြင်ကြသဖြင့် သမ္မာအယူရှိကုန်သော သတ္တဝါတို့သည် သုဂတိဘုံဘဝသို့ ရောက်ကြကုန်၏"ဟူ၍ နှစ်ဂါထာဖြင့် တရားဟောတော်မူလေသည်။

ဘုရားရှင်ဟောကြားသော တရားများကို ကြားနာရသော မိစ္ဆာအယူရှိကြကုန်သော သူတို့အားလုံးသည် သရဏဂုံတည်၍ အဆင့်အဆင့်တရားတို့ကိုနာကြားကြသောအခါ ငင်းတို့သည် သောတာပန်များ ဖြစ်ကုန်လေသည်။

ပုဏ္ဏားအိုကြီးနှင့် သားမိုက်လေးဦးတို့အား ဆုံးမခြင်း

သာဝတ္ထိပြည်၌ ဥစ္စာရှစ်သိန်းကြွယ်ဝသော ပုဏ္ဏားကြီးတစ်ဦးရှိသည်။ ငင်း၌ သားလေးယောက်ရှိသည်။ ငင်းသားများ အိမ်ထောင်ပြုကြသောအခါ ပုဏ္ဏားကြီးက သားတစ်ဦးလျှင် တစ်သိန်းကျပေးလိုက်လေသည်။

ပုဏ္ဏားအိုကြီးသည် ဇနီးမယားပုဏ္ဏေးမကြီးနှင့် အတူနေသည်။ ဇနီးဖြစ်သူ ပုဏ္ဏေးမကြီးကွယ်လွန်သောအခါ ပုဏ္ဏားအိုကြီးအား သူ၏သားလေးယောက်တို့သည် ဖခင်ပိုင်သော ပစ္စည်းဥစ္စာများရလိုရှိ၍ ခြေလက်တို့ ဆုပ်နယ်ပေးလျက် ရှိကြပါသည်။ ထို့နောက် သားလေးယောက်က ကျွန်ုပ်တို့သည် လုပ်ကျွေးကြပါကုန်အံ့။ စည်းရုံးမြှုံဆွယ် ပြောကြလေသည်။ ပုဏ္ဏားအိုကြီးသည် သားလေးယောက်တို့အား သူ့ခါးဝတ်ထားသည့် အဝတ်မှတစ်ပါး အိမ်အသုံးအဆောင်ပစ္စည်းများနှင့် ကျန်ငွေလေးသိန်းကိုလည်းအညီအမျှ ဝေပေးလေသည်။

ပထမဦးဆုံး သားကြီးအိမ်သို့ သွားနေသည်။ နှစ်ရက်သုံးရက်မျှကြသော် ချွေးမလုပ်သူက သူ့ခင်ပွန်းအား "သင့်ဖခင်သည် သားကြီးဆိုပြီး သားကြီးဟု အသိအမှတ်ပြု၍ ပစ္စည်းဥစ္စာနှင့် ငွေတို့ကို ပိုပေးခဲ့သလော။ ကျန်သားလေးယောက်၏ အိမ်များကို မသိသလော"ဟူ၍ ဆိုလေသည်။ ချွေးမ၏ စကားကိုကြားရသော ပုဏ္ဏားကြီးသည် ဒေါသဖြစ်၍ ဒုတိယသားထံသို့သွားလေသည်။ ထိုနည်းတူ ချွေးမကဆိုပြန်သည်။ ဤသို့ဖြင့် ကျန်သားတို့ထံသို့ သွားနေသည်။ ငင်းတို့၏ ဇနီးမယားများက ရှေးနည်းတူ အသီးသီးဆိုကြသဖြင့် ပုဏ္ဏားအို အဘိုးကြီးသည် ခိုကိုးရာမဲ့ ဖြစ်ရလေသည်။ ငင်းသည် ခွက်ကိုင်လျက် တောင်ဝှေးဖြင့် ဘုရားရှင်ထံသို့ သွားလေသည်။ ဘုရားရှင်သည် ပုဏ္ဏားကြီး၏ အကြောင်းစုံရှင်းပြသောစကားကိုကြား၍ သိရသောအခါ "သားမိုက်လေးဦးတို့သည် ကြမ်းတမ်းသော ဘီလူးအသွင်ဆောင်လျက် အဖေ၊ အဖေဟုဆို၍ သူတို့၏စိတ်တွင် ကောက်ကျစ်ကြပြီး မဃာတို့နှင့် တိုင်ပင်ကာ ငါ့ကို နှင်ထုတ်လိုက်သဖြင့် ငါတောင်စားလောက်မျှ အသုံးမကျ" ဟူသည့် ငါးဂါထာကို ပေးတော်မူလိုက်လေသည်။ ဤဂါထာကို "သင်သည် ပရိသတ်အလယ်၌ ရွတ်ဆိုလော့"ဟူ၍ ဆိုခိုင်းလေသည်။ (ဆက်လက်ဖော်ပြပါမည်)





ပြည်သူ့စစ်မှုထမ်း၌ပဒေမှ ကင်းလွတ်ခွင့်ပြုသူများ

ပြည်သူ့စစ်မှုထမ်း၌ပဒေ ပုဒ်မ - ၂၂ တွင် အောက်ပါပုဂ္ဂိုလ်များသည် ပြည်သူ့စစ်မှုထမ်းတာဝန်မှ ကင်းလွတ်စေရမည်ဟု ပြဋ္ဌာန်းထားပါသည်-

၁။ သာသနာ့ဝန်ထမ်းများ။

၂။ အိမ်ထောင်သည်အမျိုးသမီးများ (အိမ်ထောင်ပျက်သော်လည်း သားသမီးရှိသူ အမျိုးသမီးလည်း ပါဝင်သည်)။

၃။ ကိုယ်လက်အင်္ဂါတစ်ခုခု အမြဲတမ်းမသန်စွမ်းသူများ။

၄။ တပ်မတော်ဆေးစစ်ဆေးရေးဘုတ်အဖွဲ့က ပြည်သူ့စစ်မှုထမ်းရန် အမြဲတမ်းမသင့်လျော်သူဖြစ်ကြောင်း သတ်မှတ်ထားသူများ။

၅။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က အမိန့်ထုတ်ပြန်၍ ကင်းလွတ်ခွင့်ပြုထားသူများ။

ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းခြင်းမှ ကင်းလွတ်ခွင့်ပြုသူများ

၁။ ဥာဏ်အရည်အသွေးမမီခြင်းနှင့် အကျင့်စာရိတ္တပျက်ပြားခြင်းတို့ကြောင့် စစ်မှုထမ်းရန် မသင့်လျော်သူများ။

၂။ ဆေးစစ်ဆေးခြင်းသတ်မှတ်ချက်အရ စိတ်ပေါ့သွပ်သူဖြစ်ခြင်း (သို့မဟုတ်) စိတ်ပေါ့သွပ်နေသည်ဟု သက်ဆိုင်ရာဥပဒေက ပြဋ္ဌာန်းထားသည့်အတိုင်း သတ်မှတ်ခံရသူများ။

၃။ နိုင်ငံ့အတွက် တာဝန်ထမ်းဆောင်နေပြီး အစားထိုးရန်မဖြစ်နိုင်သေးသော အသိပညာရှင် (သို့မဟုတ်) အတတ်ပညာရှင်များ။

၄။ တိုက်ပွဲတွင် ကျဆုံးခဲ့သည့်တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်အဖွဲ့ဝင်များ၏ သားသမီးအရင်းအချာများ (ကိတ္တိမသားသမီးများ၊ မွေးစားသားသမီးများ မပါ)။

မှတ်ချက်။ အကယ်၍ ၎င်းသားသမီးအရင်းများသည် ပြည်သူ့စစ်မှုထမ်းဆောင်ရန် သဘောဆန္ဒအလျောက် ဆန္ဒပြုပါက စစ်မှုထမ်းဆောင်ရန် ခွင့်ပြုနိုင်သည်။

၅။ အာဆီယံအဆင့်၊ အာရှအဆင့်၊ ကမ္ဘာ့အဆင့် အားကစားပြိုင်ပွဲများတွင် နိုင်ငံ့ဂုဏ်ဆောင် ရွှေတံဆိပ်၊ ငွေတံဆိပ်၊ ကြေးတံဆိပ် တစ်ခုခုရရှိသော အားကစားသမားများ။

၆။ နိုင်ငံ့ဝန်ထမ်းတာဝန်ထမ်းဆောင်နေသော တစ်ဆက်စပ်တည်း လုပ်သက် ၂ နှစ်နှင့် အထက်ရှိသော ဆရာဝန်နှင့် သူနာပြုများ။

၇။ တစ်ဆက်စပ်တည်း လုပ်သက် ၂ နှစ်နှင့် အထက်ရှိသော တပ်မတော်စစ်သည်အစားခန့် အရပ်သားဝန်ထမ်းများ။

၈။ ကင်းလွတ်ခွင့်ပြုရန် မဖြစ်မနေလိုအပ်နေသူများအဖြစ် ကျိုးကြောင်းခိုင်လုံစွာတင်ပြနိုင်သူများ။

ပြည်သူ့စစ်မှုထမ်း၌ပဒေမှ ယာယီရွှေ့ဆိုင်းနိုင်သူများ

ပြည်သူ့စစ်မှုထမ်း၌ပဒေ ပုဒ်မ - ၁၅(က) တွင် အောက်ပါပုဂ္ဂိုလ်များသည် ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်တာဝန်မှ ယာယီရွှေ့ဆိုင်းနိုင်သည်ဟု ပြဋ္ဌာန်းထားပါသည် -

၁။ ယာယီအားဖြင့်စစ်မှုထမ်းနိုင်မည့် ကျန်းမာရေးအဆင့်မမီကြောင်း သက်ဆိုင်ရာတပ်မတော်ဆေးစစ်ရေးဘုတ်အဖွဲ့၏ ထောက်ခံချက်ရရှိထားသူများ။

၂။ နိုင်ငံ့ဝန်ထမ်းများ။

၃။ ပညာသင်ကြားနေသူများ။

၄။ အခြားပြုစုစောင့်ရှောက်မည့်သူမရှိသော မိအိုဖအိုများကို ပြုစုလုပ်ကျွေးနေသူများ။

၅။ မူးယစ်ဆေးဝါးဖြတ်ရန် ဆေးကုသမှုခံယူနေသူများ။

၆။ ထောင်ဒဏ်ကျခံနေသူများ။

ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်ကာလ ရွှေ့ဆိုင်းခွင့်ပြုသူများ

၂။ ရွှေ့ဆိုင်းခွင့်မှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(က) ဆင့်ခေါ်ရေးအမိန့်စာ လက်ခံရရှိသည့်နေ့မှ သတ်မှတ်ထားသည့်နေ့ရက်အတိုင်း သတင်းပို့ခြင်းမပြုရသေးမီ ကာလအတွင်း မိဘတစ်ဦးဦးသော်လည်းကောင်း၊ အိမ်ထောင်သည်အမျိုးသားဖြစ်ပါက ဇနီးသော်လည်းကောင်း ရုတ်တရက်သေဆုံးသွားခြင်း။

(ခ) ဆင့်ခေါ်ရေးအမိန့်စာ လက်ခံရရှိသည့်နေ့မှ သတ်မှတ်ထားသည့်နေ့ရက်အတိုင်း သတင်းပို့ခြင်းမပြုရသေးမီ ကာလအတွင်း မတော်တဆဖြစ်ရပ်တစ်ခုခုကြောင့် ဖြစ်စေ၊ အခြားသူ၏ ပယောဂတစ်ခုခုကြောင့်ဖြစ်စေ ကိုယ်လက်အင်္ဂါအစိတ်အပိုင်းတစ်ခုခု အပြင်းအထန် ဒဏ်ရာရရှိသူဖြစ်ခြင်း။

(ဂ) ဥပဒေနှင့်အညီ ချုပ်နှောင်ခံနေရသူ၊ သို့မဟုတ် တရားရုံးတစ်ခုခုတွင် အမှုရင်ဆိုင်နေရသူဖြစ်ခြင်း။

(ဃ) နိုင်ငံတော်၏ လိုအပ်ချက်အရ ပညာရပ်များကို လေ့လာသင်ယူနေသူဖြစ်ခြင်း။

(င) ပြည်သူ့စစ်မှုထမ်းရမည့်တာဝန်မှ ယာယီရွှေ့ဆိုင်းပေးရန် မဖြစ်မနေလိုအပ်နေသူဖြစ်ခြင်း။

ပြည်သူ့စစ်မှုထမ်း၌ပဒေမှ လျှော့ပေါ့ခွင့်ပြုသူများ

ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်ကာလ လျှော့ပေါ့ခွင့်ပြုသူများ

၁။ လျှော့ပေါ့ခွင့်ပြုသူများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) လျှောက်ထားသူ၏မိဘနှစ်ပါးစလုံးသည် နိုင်ငံ့ဝန်ထမ်းအဖြစ် နှစ်ပေါင်း ၂၀ ထက်မနည်း တာဝန်ထမ်းဆောင်နေဆဲ ဖြစ်ပါကလည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး သက်ပြည့်အငြိမ်းစားယူခဲ့သူဖြစ်ပါကလည်းကောင်း အဆိုပါလျှောက်ထားသူအား ဥပဒေအရ ၎င်းထမ်းဆောင်ရမည့် ပြည်သူ့စစ်မှုထမ်းရန် ကာလ၏ တစ်ဝက်အထိ လျှော့ပေါ့ပေးနိုင်သည်။

(ခ) လျှောက်ထားသူ၏ မိဘနှစ်ပါးအနက် တစ်ဦးဦးသည် နိုင်ငံ့ဝန်ထမ်းအဖြစ် နှစ်ပေါင်း ၂၀ ထက်မနည်း တာဝန်ထမ်းဆောင်နေခဲ့ဖြစ်ပါကလည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး သက်ပြည့်အငြိမ်းစားယူခဲ့သူဖြစ်ပါကလည်းကောင်း၊ အဆိုပါလျှောက်ထားသူအား ဥပဒေအရ ၎င်းထမ်းဆောင်ရမည့် ပြည်သူ့စစ်မှုထမ်းရန် ကာလ၏ သုံးပုံတစ်ပုံအထိ လျှော့ပေါ့ပေးနိုင်သည်။

(ဂ) ပြည်သူ့စစ်မှုထမ်းတစ်ဦးဦးသည် တာဝန်ထမ်းဆောင်နေသည့်ကာလအတွင်း ထိခိုက်ဒဏ်ရာရရှိခြင်းများ ရှိခဲ့ပါက ထိခိုက်ဒဏ်ရာရရှိသည့်နေ့နောက်ပိုင်း ဆက်လက် တာဝန်ထမ်းဆောင်ရန် ကျန်ရှိသည့်ကာလအား လျှော့ပေါ့ပေးနိုင်သည်။



အိမ်တွင်းသုံးရေချွေတာရေး

ပိုက်ယိုစိမ့်မှုများကို စစ်ဆေးပါ၊ ရေပိုက်ခေါင်းများ၊ ရေစုပ်ပိုင်းများ ကျိုးပျက်ယိုစိမ့်နေခြင်း ရှိ/မရှိ ပုံမှန်စစ်ဆေးပြီး အမြန်ပြုပြင်ပါ။



အိမ်တွင်းသုံးရေချွေတာရေး

အဝတ်လျှော်ရာတွင် တစ်ထည်ချင်း/နည်းနည်းချင်း မလျှော်ဘဲ ပေါင်းလျှော်ပါ။ အဝတ်လျှော်စက်သုံးလျှင် တစ်ခါတည်း စုပြီးလျှော်ပါ။ ပန်းကန်ဆေးစက် အသုံးပြုရာတွင်လည်း စက်က ဆေးကြောနိုင်သည့် ပန်းကန် အရေအတွက်အထိစောင့်၍ စုစည်းဆေးကြောပါ။



အိမ်တွင်းသုံးရေချွေတာရေး

ရေကို စနစ်တကျအသုံးပြုမှု အလေ့အထများကို အသိပညာပေး မှုဝေပါ။ မိမိတို့၏ အသိုက်အဝန်း၊ လုပ်ငန်းခွင်၊ သူငယ်ချင်းများနှင့် မိသားစုအတွင်း ရေချွေတာသုံးစွဲခြင်း၏ အရေးပါပုံကို အသိပညာပေးမှုဝေခြင်းဖြင့် ပိုင်းဝန်းပါဝင်ဆောင်ရွက်ကြပါရန် နှိုးဆော်အပ်ပါသည်။

ကျေးသီးမြို့နယ် မိုင်းနောင်မြို့ ဝမ်ပုံကျေးရွာအနီး အွန်လိုင်းလိမ်လည်လောင်းကစားမှု ကျူးလွန်လုပ်ကိုင်နေသူ တရားမဝင် တရုတ်နိုင်ငံသားများအပါအဝင် ၃၂၃ ဦးကို လုပ်ငန်းသုံးပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိ

နေပြည်တော် နိုဝင်ဘာ ၂၃

နိုင်ငံတော် အစိုးရအနေဖြင့် ဒေသတွင်းပြည်သူလူထုကိုသာမက ကမ္ဘာတစ်ဝန်းရှိ လူသားမျိုးနွယ်အားလုံး၏ လူမှုစီးပွားဘဝများကို ထိခိုက်ပျက်စီးအောင် အလုံးစုံအန္တရာယ် ပေးလျက်ရှိသည့် အွန်လိုင်းလိမ်လည်မှုနှင့် အွန်လိုင်းလောင်းကစားမှု ကျူးလွန်သူများအား ရှာဖွေဖော်ထုတ် တားဆီးကာကွယ်ခြင်းများကို အမျိုးသားရေး တာဝန်တစ်ရပ်အနေဖြင့် အလေးထား ဆောင်ရွက်လျက်ရှိရာ ရှမ်းပြည်နယ်(တောင်ပိုင်း) ကျေးသီးမြို့နယ် မိုင်းနောင်မြို့ ဝမ်ပုံကျေးရွာအနီး၌ အွန်လိုင်းလိမ်လည် လောင်းကစားမှု ကျူးလွန်လုပ်ကိုင်နေသူ တရုတ်နိုင်ငံသားများနှင့် မြန်မာနိုင်ငံသား စုစုပေါင်း ၃၂၃ ဦးကို အွန်လိုင်းလိမ်လည် လောင်းကစားမှု လုပ်ကိုင်ရာတွင် အသုံးပြုသည့် ဆက်စပ် ပစ္စည်းများနှင့်အတူ ယနေ့တွင် ဖမ်းဆီးရမိခဲ့သည်။

လုံခြုံရေးတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့များသည် ရှမ်းပြည်နယ်(တောင်ပိုင်း) ကျေးသီးမြို့နယ် မိုင်းနောင်မြို့အနီး အွန်လိုင်းလိမ်လည် လောင်းကစားမှုများ ကျူးလွန် လုပ်ကိုင်နေကြောင်း သတင်းအရ စုံစမ်းရှာဖွေ ဖော်ထုတ်မှုများ ဆောင်ရွက်ခဲ့ရာ ယနေ့ နံနက် ၆ နာရီခွဲတွင် ကျေးသီးမြို့နယ် မိုင်းနောင်မြို့ ဝမ်ပုံကျေးရွာ၏အနောက်မြောက်ဘက်မိတာ ၁၈၀၀ ခန့်အကွာအနေရှာ၌ အလျားပေ ၁၅၀၊ အနံပေ ၃၀ ရှိ ယာယီအလုပ်ရုံမိုးကာတဲ ငါးလုံးနှင့် ယာယီလူနေမိုးကာတဲ လေးလုံး၊ အလျားပေ ၆၀၊ အနံပေ ၃၀ ရှိ ယာယီလူနေမိုးကာတဲ လေးလုံး၊ အလျားပေ ၁၀၀၊ အနံပေ ၅၀ ရှိ ယာယီစားချက်ဆောင် တစ်လုံးနှင့် ယာယီစတိုဆောင် တစ်လုံးတို့ကို တွေ့ရှိခဲ့ပြီး ၎င်းတို့အတွင်းမှ အွန်လိုင်းလိမ်လည် လောင်းကစားမှု ကျူးလွန်လုပ်ကိုင်နေသူ တရားမဝင် တရုတ်နိုင်ငံသား အမျိုးသား ၃၀၁ ဦးနှင့် အမျိုးသမီး တစ်ဦး၊ မြန်မာနိုင်ငံသား အမျိုးသမီး ၂၁ ဦး စုစုပေါင်း ၃၂၃ ဦးတို့ကို BERETTA–22 ပစ္စတို (ကျည်အိမ်အပါ) တစ်လက်၊ CZ 9mm ပစ္စတို (ကျည်အိမ်အပါ) တစ်လက်၊ SMITH – 22 အရှည်သေနတ် တစ်လက်၊ AK 47 သေနတ် ငါးလက်နှင့် ၎င်းကျည်အိမ် လေးခု၊ ဖွိုင့် ၂၂ ကျည် ခြောက်တောင့်၊ Power Station အကြီး ၁၅ လုံးနှင့် အသေးနှစ်လုံး၊ Solar Station အလတ် ခြောက်လုံး၊ Laptop ၅၄ လုံး၊ ဖုန်းမျိုးစုံ ၂၁၇ လုံး၊ All in One ကွန်ပျူတာ ငါးလုံး၊ Starlink ဗန်း ၃၃ ခု၊ Router အခု ၃၀၊ Air Cooler (အလတ်) ရှစ်လုံး၊ Tiger (4x4 wheel) အမျိုးအစား ယာဉ်နှစ်စီး၊ Lexus အမျိုးအစား ယာဉ်တစ်စီး၊ Freezer အကြီး သုံးလုံးနှင့် အသေးသုံးလုံး၊ ထမင်းပေါင်းစက်နှစ်ခန်းတွဲ တစ်ခု၊ ထမင်းပေါင်းစက်တစ်ခန်းတွဲ တစ်ခု၊ ဂက်စ်မီးဖို(အကြီး) တစ်ခု၊ မီးစက်(အကြီး) တစ်လုံး၊ အင်တာနက် လိုင်းအားမြှင့်စက် နှစ်စုံတို့နှင့်အတူ ဖမ်းဆီးရမိခဲ့သည်။



ရှမ်းပြည်နယ်(တောင်ပိုင်း) ကျေးသီးမြို့နယ် မိုင်းနောင်မြို့ ဝမ်ပုံကျေးရွာအနီး၌ အွန်လိုင်းလိမ်လည်လောင်းကစားမှု ကျူးလွန်ခဲ့သူများနှင့် လုပ်ငန်းသုံးပစ္စည်းများ ဖမ်းဆီးရမိသည့် ဖြစ်စဉ်ကေရာပြပုံ။



ဖမ်းဆီးရမိ တရုတ်နိုင်ငံသားများကို တွေ့ရစဉ်။

စိစစ်မေးမြန်းမှုများအရ ဖမ်းဆီးရမိ တရုတ်နိုင်ငံသားများသည် တရုတ်နိုင်ငံရှိ ပြည်နယ်အသီးသီးတွင်နေထိုင်၍ ကျပန်းလုပ်ကိုင်ကြသူများဖြစ်ကာ Tiktok၊ Telegram၊ QQ စသည့် လူမှုကွန်ရက်များမှ တစ်ဆင့် ချိတ်ဆက်၍ အွန်လိုင်းလိမ်လည် လောင်းကစားမှုများ လုပ်ကိုင်ရန် မြန်မာနိုင်ငံသို့ တရားမဝင် ဝင်ရောက်လာခဲ့ကြောင်း၊ ယခု အွန်လိုင်းလိမ်လည်လောင်းကစားမှုများ လုပ်ကိုင်နေသည်မှာ ရက်ပေါင်း ၄၀ ခန့်ရှိပြီ ဖြစ်ပြီး We Chat၊ MO MO၊ QQ စသည့် လူမှုကွန်ရက်များမှတစ်ဆင့် တရုတ်နိုင်ငံရှိ ငွေကြေးကြွယ်ဝချမ်းသာသူများအား အဓိက ပစ်မှတ်ထား ရှာဖွေရကြောင်း၊ ၎င်းနောက် ခင်မင်ရင်းနှီးမှု တည်ဆောက်ကာ အကျိုးတူစီးပွားရေးလုပ်ငန်းများတွင် ပါဝင်လာစေရေး စည်းရုံးခြင်းများပြုလုပ်၍ ပစ်မှတ်များက အရင်းအနှီးများ ထည့်ဝင်လာသောအခါ အဆက်အသွယ် ဖြတ်တောက်ခြင်းများ ပြုလုပ်ရကြောင်း သိရသည်။

အဆိုပါ အွန်လိုင်းလိမ်လည် လောင်းကစားမှုများ လုပ်ကိုင်ခဲ့သည့် ဖမ်းဆီးရမိသူများအား လိုအပ်သည့် စစ်ဆေးမှုများ ဆောင်ရွက်ပြီးစီးပါက တည်ဆဲဥပဒေများနှင့်အညီ ထိရောက်ပြင်းထန်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပြီး သိမ်းဆည်းရမိသည့် လုပ်ငန်းသုံးပစ္စည်းများအား လုပ်ထုံးလုပ်နည်းများနှင့် အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်



ဖမ်းဆီးရမိ တရုတ်နိုင်ငံသားများနှင့်အတူ လုပ်ငန်းသုံး ဆက်စပ်ပစ္စည်းများကို တွေ့ရစဉ်။



ဖမ်းဆီးရမိ မြန်မာနိုင်ငံသားများကို တွေ့ရစဉ်။



သိမ်းဆည်းရမိ လက်နက်များကို တွေ့ရစဉ်။



သိမ်းဆည်းရမိ ယာယီအလုပ်ရုံကို တွေ့ရစဉ်။



သိမ်းဆည်းရမိ ယာယီစတိုဆောင်ကို တွေ့ရစဉ်။

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

အယ်လ်နီညို့ကာလအတွက် နွားစာကြို့တင်ပြင်ဆင်ပါ။

ကောက်ရိုးကို မီးမရှို့ပါနှင့် နွားစာအဖြစ် တန်ဖိုးမြှင့်ပါ။

အကျိုးကျေးဇူးများ

- ကောက်ရိုးကို အလဟဿမဖြစ်စေဘဲ တန်ဖိုးရှိသော နွားစာအဖြစ် အသုံးချနိုင်ခြင်း၊
- ခြောက်သွေ့ရာသီတွင် နွားစာရရှိမှုကို အထောက်အကူပြုခြင်း၊
- နွားစာဝယ်ယူစရိတ်ကို လျှော့ချနိုင်ခြင်း၊
- လယ်ယာစွန့်ပစ်ပစ္စည်းကို အကျိုးရှိစွာ အသုံးချနိုင်ခြင်း။



၁ ကောက်ရိုးကို ခြောက်သွေ့အောင်ပြုလုပ်ပါ

- ရိတ်သိမ်းပြီးချိန်မှစ၍ ကောက်ရိုးကို အချိန်မီ စုဆောင်းပါ။
- ကောက်ရိုးခြောက်သွေ့မှသာ ထုံးဖွဲ့ပြီး သိမ်းဆည်းပါ။
- စက်ဝန်ဆောင်မှုကို တောင်သူအစုအဖွဲ့အလိုက် ပူးပေါင်းအသုံးပြုပါ။
- သိုလှောင်ရာတွင် မိုးရေ၊ မြေစိုထိုင်းမှုနှင့် မီတက်ခြင်းမှ ကာကွယ်ပါ။
- နွားစာအဖြစ်အသုံးပြုရာတွင် အာဟာရဓာတ်မှန်နှင့် အစာအရည်အသွေးကိုဂရုပြုပါ။





၂ စနစ်တကျ သိမ်းဆည်းပါ

- အမိုးအကာရှိပြီး မိုးရေမဝင်သောနေရာတွင် ထားရှိပါ။
- မြေကြီးနှင့်တိုက်ရိုက်မထိစေရန် ပါလက် သို့မဟုတ် မြှင့်တင်ထားသော ကြမ်းခင်းပေါ်တွင် စုပုံပါ။
- လေဝင်လေထွက်ကောင်းစေရန် နေရာချန်ထားပါ။
- စိုထိုင်းမှု၊ မီတက်မှုနှင့် အပုချိန်မြင့်တက်မှုကို ပုံမှန်စစ်ဆေးပါ။





၃ ကောက်ရိုးထုံးစက်ဖြင့် ထုံးပါ

- ခြောက်သွေ့သော ကောက်ရိုးကို စက်ဖြင့် စုဆောင်းဖိသိပ်၍ အိုင်းပုံ သို့မဟုတ် စတုရန်းပုံ အထုံးများ ပြုလုပ်ပါ။
- အထုံးအရွယ်အစားနှင့်အလေးချိန်ကို သယ်ယူ၊ စုပုံရန် အဆင်ပြေစွာရွေးချယ်ပါ။
- အထုံးများကို မိုးမစိုမိ သိုလှောင်ရာနေရာသို့ အချိန်မီ ပို့ဆောင်ပါ။





၄ နွားစာအဖြစ် အကျိုးရှိစွာ အသုံးပြုပါ

- လိုအပ်သည့်ပမာဏကို ထုတ်ယူပြီး နွားစာအဖြစ် ကျွေးမွေးပါ။
- ကောက်ရိုးတစ်မျိုးတည်းကိုသာ အားကိုးမထားဘဲ အစိမ်းရောင်အစာ၊ သင့်လျော်သော အာဟာရပြည့်စုံကာစာနှင့် ရောကိုပါ ဖြည့်ဆည်းပါ။
- မီတက်ခြင်း၊ ပုပ်သိုးခြင်း သို့မဟုတ် အန္တမမှန်ခြင်းရှိသောကောက်ရိုးကို မကျွေးပါနှင့်။







တောင်သူများ လိုက်နာဆောင်ရွက်ရန်

- ရိတ်သိမ်းပြီးချိန်မှစ၍ ကောက်ရိုးကို အချိန်မီ စုဆောင်းပါ။
- ကောက်ရိုးခြောက်သွေ့မှသာ ထုံးဖွဲ့ပြီး သိမ်းဆည်းပါ။
- စက်ဝန်ဆောင်မှုကို တောင်သူအစုအဖွဲ့အလိုက် ပူးပေါင်းအသုံးပြုပါ။
- သိုလှောင်ရာတွင် မိုးရေ၊ မြေစိုထိုင်းမှုနှင့် မီတက်ခြင်းမှ ကာကွယ်ပါ။
- နွားစာအဖြစ်အသုံးပြုရာတွင် အာဟာရဓာတ်မှန်နှင့် အစာအရည်အသွေးကိုဂရုပြုပါ။

ကောက်ရိုးကို တန်ဖိုးမြှင့်၊ နွားစာစရိတ်လျှော့၊ မွေးမြူရေးအကျိုးအမြတ်တိုးကြပါစို့။

သက်ဆိုင်ရာ စိုက်ပျိုးရေး၊ ကော်မရှင်လယ်ယာနှင့် မွေးမြူရေးဌာနများထံ ဆက်သွယ်၍ နည်းပညာနှင့် ဝန်ဆောင်မှုများကို ရယူနိုင်ပါသည်။

စပါးရိတ်သိမ်းပြီးနောက် ကောက်ရိုးကို စနစ်တကျ စုဆောင်းသိမ်းဆည်းပြီး နွားစာအဖြစ် အသုံးချကြပါစို့။

တန်ဖိုးမြင့် နို့ထွက်ပစ္စည်းနှင့် အသားထုတ်ကုန် ထုတ်လုပ်မှုသင်တန်းများဖွင့်

ရန်ကုန် နိုဝင်ဘာ ၂၃

မြန်မာနိုင်ငံ မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်နှင့် ထိုင်းနိုင်ငံ မွေးမြူရေးဖွံ့ဖြိုးတိုးတက်မှု ဦးစီးဌာနတို့ ပူးပေါင်း၍ တန်ဖိုးမြင့်နို့ထွက်ပစ္စည်းများနှင့် အသားထုတ်ကုန်များ ထုတ်လုပ်မှုသင်တန်းများကို အောင်မြင်စွာ ဖွင့်လှစ်ခဲ့ကြောင်း မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်မှ သိရသည်။

ယင်းသင်တန်းများကို နိုဝင်ဘာ ၁၅ ရက်မှ ၂၁ ရက်အထိ ထိုင်းနိုင်ငံ ချင်းမိုင်မြို့ရှိ မွေးမြူရေးထုတ်ကုန်များ သုတေသနနှင့် ဖွံ့ဖြိုးရေး စင်တာတွင် ဖွင့်လှစ်ခဲ့ခြင်းဖြစ်သည်။

နိုဝင်ဘာ ၁၅ ရက်မှ ၂၁ ရက်အထိ ဖွင့်လှစ်ခဲ့သည့် အဆိုပါ ရက်သတ္တပတ်အတွင်း သင်တန်းနှစ်ခုလုံးကို တစ်ပြိုင်တည်း ဖွင့်လှစ်ခဲ့ခြင်းဖြစ်ပြီး ထိုင်းနိုင်ငံ မွေးမြူရေး ထုတ်ကုန်များ သုတေသနနှင့် ဖွံ့ဖြိုးရေးစင်တာမှ တန်ဖိုးမြင့်ထုတ်ကုန်ပညာရှင်များကိုယ်တိုင် စာတွေ့၊ လက်တွေ့ သင်ကြားပို့ချပေးသည်။



ထို့ပြင် နို့ထွက်ပစ္စည်းကဏ္ဍ၌ ဒိန်ချဉ်၊ ရေခဲမုန့်၊ ဒိန်ခဲအမျိုးမျိုး၊ နို့ဆီ၊ နို့မိမိုးနှင့် နွားနို့အခြေခံအလှကုန်ပစ္စည်းများ ထုတ်လုပ်နည်းများအပြင် ချင်းမိုင်ဒေသတွင်းရှိ နို့ထွက်ပစ္စည်း လုပ်ငန်းခွင်များသို့ ကွင်းဆင်းလေ့လာခြင်း၊ အသားထုတ်ကုန်ကဏ္ဍတွင် စနစ်တကျ သားသတ်စီမံခန့်ခွဲမှု၊ အသားခြောက်/ကျပ်တိုက်သားနှင့် ပြုပြင်ပြီး အသင့်စားအသားထုတ်ကုန် (Smoked, BBQ, Steak စသည့်) ထုတ်လုပ်နည်းများနှင့် အသားထုတ်လုပ်ရေးစက်ရုံ၊ မွေးမြူရေး ခြံများသို့ လေ့လာရေးခရီးစဉ်များ ပါဝင်ခဲ့သည်။

မြန်မာနိုင်ငံမှ သင်တန်းသားအဖွဲ့သည် နိုဝင်ဘာ ၁၅ ရက်တွင် ချင်းမိုင်မြို့သို့ ရောက်ရှိခဲ့ပြီး နိုဝင်ဘာ ၁၆ ရက်မှစ၍ သင်တန်းများကို တရားဝင် စတင်တက်ရောက် သင်ယူကာ နိုဝင်ဘာ ၂၁ ရက်တွင် သင်တန်းကာလပြီးဆုံးခဲ့ပြီး သင်တန်းဆင်းပွဲနှင့် အသိအမှတ်ပြုလက်မှတ်ပေးအပ်ပွဲအခမ်းအနားကို တက်ရောက်ခဲ့ကြကြောင်း မြန်မာနိုင်ငံ မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်၏ ထုတ်ပြန်ထားချက်များအရ သိရသည်။

TWA

တောင်ငူမြို့ လောကုတ္တရာစေတီတော်မြတ်ကြီး စိန်ဖူးတော်သစ်၊ ငှက်မြတ်နားတော်သစ်၊ ရွှေထီးတော်သစ် တင်လှူပူဇော်ပွဲနှင့် အထွေထွေလှူဒါန်းမှုများအတွက် ရေစက်ချ

တောင်ငူ နိုဝင်ဘာ ၂၃

မန္တလေးမြေလျင်ကြီးကြောင့် ထိခိုက်ယိုယွင်းပျက်စီးခဲ့သည့် တောင်ငူမြို့ ရှေးဟောင်းသမိုင်းဝင် လောကုတ္တရာစေတီတော်မြတ်ကြီး အသစ်ပြန်လည်တည်ဆောက်ပြီးစီး၍ စိန်ဖူးတော်သစ်၊ ငှက်မြတ်နားတော်သစ်၊ ရွှေထီးတော်သစ်တင်လှူပူဇော်ပွဲနှင့် အထွေထွေလှူဒါန်းမှုများအတွက် စုပေါင်းရေစက်ချအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် လောကုတ္တရာစေတီတော်ရင်ပြင်၌ ကျင်းပသည်။

ဦးစွာ အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆိုဘုရားကန်တော့၍ ဖွင့်လှစ်ပြီး သံဃာတော်အရှင်မြတ်များက နတ်၊ ဗြဟ္မာများအား ပင့်ဖိတ်သည်။ ထို့နောက် လောကုတ္တရာစေတီတော်မြတ်ကြီး အသစ်တစ်ဖန် ပြန်လည်တည်ဆောက်ခြင်း၊ စိန်ဖူးတော်သစ်၊ ငှက်မြတ်နားတော်သစ်၊ ရွှေထီးတော်သစ်ပြန်လည်ပူဇော်ခြင်း ပြုလုပ်နိုင်ရေးအတွက် အလှူငွေကျပ် သိန်း ၅၀၀၀ ခန့် လှူဒါန်းပေးသော CB Bank ဥက္ကဋ္ဌ ဦးခင်မောင်အေး–ဇနီး ဒေါ်ဝင့်ရည်အေးမိသားစုနှင့် ဇည့်ပရိသတ်များက သံဃာတော်အရှင်မြတ်များထံမှ ကိုးပါးသီလခံယူဆောက်တည်ကြပြီး အစီအစဉ်အတိုင်း တင်လှူပူဇော်ခဲ့သည်။

ဆက်လက်၍ အထွေထွေလှူဒါန်းမှု စုပေါင်းရေစက်ချခြင်း အခမ်းအနားကို ကျင်းပရာ CB Bank ဥက္ကဋ္ဌ ဦးခင်မောင်အေး – ဇနီး ဒေါ်ဝင့်ရည်အေးမိသားစုက ငွေကျပ် သိန်း ၁၇၀၀ ခန့် လှူဒါန်းမှုဖြင့် မန္တလေးငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့သည့် ဝေဠုဝန်စာသင်တိုက်ရှိ ဝေဠုဝန်သိမ် အသစ်ပြန်လည်တည်ဆောက်ပြီးစီး၍ ရေစက်ချ အခမ်းအနား၊ တောင်ငူမြို့ သာသနာ့ဓမ္မာန်ကြီး၌ သက်ကြီးဘိုးဘွား ပူဇော်ပွဲတွင် သက်ကြီးဘိုးဘွား ၁၈၆၀ အား ငွေကျပ် ၁၉၃၅၀၀၀၀ ခန့်နှင့် အခြားဘာသာကြီးသုံးခုအား ငွေကျပ် ၂၄၉ သိန်းခန့်ကို ပေးအပ်လှူဒါန်းသည်။

ထို့နောက် သီတဂူဗုဒ္ဓတက္ကသိုလ်၌ သီတဂူကေတုမတီကိုယ်ပိုင်အထက်တန်းကျောင်းဆောင်သစ်ဖွင့်ပွဲကို ကျင်းပရာ CB Bank ဥက္ကဋ္ဌ ဦးခင်မောင်အေး – ဇနီး ဒေါ်ဝင့်ရည်အေးမိသားစုက ငွေကျပ် သိန်း ၄၀၀၀ ခန့် လှူဒါန်းမှုဖြင့် တည်ဆောက်ပြီးစီးသည့် ဘုရင့်နောင်ခန်းမဆောင်ကို တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ကြောင်း သိရသည်။

ဓော်ကိုကို(တောင်ငူ)





သန်လျင်မြို့ ရှေးဟောင်းသမိုင်းဝင် ဆံတော်ရှင်ကျိုက်ခေါက်စေတီတော် (၄၁)ကြိမ်မြောက် တန်ဆောင်တိုင်မသိုးသင်္ကန်း ရက်လုပ်ယှဉ်ပြိုင်ပွဲကို နိုဝင်ဘာ ၂၃ ရက် ညနေ ၅ နာရီတွင် ကျင်းပရာ ပြိုင်ပွဲဝင် ရက်ကန်းစင်တော်များကို ရန်ကုန်တိုင်းဒေသကြီးလွတ်တော်ဥက္ကဋ္ဌ ဦးဌေးအောင်နှင့် လွတ်တော်ကိုယ်စားလှယ်များ၊ သန်လျင်ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဇင်မင်းကိုနှင့် တာဝန်ရှိသူများ ကြည့်ရှုအားပေးစဉ်။

သန်းဝင်း(သန်လျင်)

မိုင်းတုံမြို့နယ်၌ သောက်သုံးရေပြတ်လပ်မှုမရှိစေရေးနှင့် သောက်သုံးရေများ စနစ်တကျသုံးစွဲနိုင်ရေး အသိပညာပေး

မိုင်းတုံ နိုဝင်ဘာ ၂၃

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းတုံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနသည် အယ်လ်နီညိုရာသီဥတု ဖြစ်စဉ်ကြောင့် ရေအရင်းအမြစ်များ လျော့နည်းမှုနှင့် ရေရှားပါးပြတ်လပ်မှုများမဖြစ်ပေါ်စေရေး၊ သောက်သုံးရေများ ဖူလုံစွာ သုံးစွဲနိုင်ရေးအတွက် အသိပညာပေးခြင်းနှင့် ကွင်းဆင်းစစ်ဆေးခြင်း လုပ်ငန်းများကို ယနေ့နံနက်ပိုင်းတွင် တာဝန်ရှိသူများက ဟွေအော ကျေးရွာအုပ်စု ကုန်းဆာကျေးရွာ၌ ကွင်းဆင်းဆောင်ရွက်သည်။



ထိုသို့ ကွင်းဆင်းဆောင်ရွက်ရာတွင် မိုင်းတုံခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူးနှင့် တာဝန်ရှိသူများသည် ဒေသခံပြည်သူများနှင့် တွေ့ဆုံ၍ အယ်လ်နီညိုရာသီဥတုအခြေအနေကြောင့် ဖြစ်ပေါ်လာနိုင်သည့် ပူပြင်း ခြောက်သွေ့မှုများနှင့် ရေရှားပါးပြတ်လပ်နိုင်သည့် အခြေအနေများကို အသိပေးပြောကြားသည်။

ထို့ပြင် ရေရှားပါးပြတ်လပ်မှု မဖြစ်ပေါ်စေရေးအတွက် အများပြည်သူသိရှိလိုက်နာရမည့် ဆောင်ရန်၊ ရှောင်ရန် အချက်အလက်များ၊ သောက်သုံးရေ သိုလှောင်ထားရှိရမည့် စနစ်များနှင့် ရေကို အလေအလွင့်မရှိ စနစ်တကျ ချွေတာသုံးစွဲရေးဆိုင်ရာ အချက်အလက်များကို အသိပညာပေး ပိုစတာများဖြင့် အသေးစိတ် ရှင်းလင်းပြောကြားပြီး ကျေးရွာများအတွင်း သောက်သုံးရေ သိုလှောင်ထားရှိမှုအခြေအနေများကို မြေပြင်ကွင်းဆင်း လုပ်ငန်းလည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

မောင်နိုင်

ကမာရွတ်မြို့နယ်၌ ပြည်သူ့စစ်မှုထမ်းတာဝန် ကျေပွန်စွာ ထမ်းဆောင်ပြီးသူများအား ဂုဏ်ပြု



ကမာရွတ် နိုဝင်ဘာ ၂၃

ရန်ကုန်တိုင်းဒေသကြီး ကမာရွတ်မြို့နယ်တွင် ပြည်သူ့စစ်မှုထမ်းတာဝန်ကျေပွန်စွာ ထမ်းဆောင်ပြီးသူများအား ဂုဏ်ပြုပွဲကို နိုဝင်ဘာ ၂၁ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး၌ ကျင်းပသည်။

ဦးစွာ မြို့နယ်ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ဥက္ကဋ္ဌက အမှာစကားပြောကြားပြီး လွတ်တော်ကိုယ်စားလှယ်များက မုဒိတာစကားများ ပြောကြားကာ ပြည်သူ့စစ်မှုထမ်းတာဝန် ကျေပွန်စွာထမ်းဆောင်ပြီးသူ ၁၈ ဦးအား တာဝန်ရှိသူများက ဂုဏ်ပြုလက်ဆောင်နှင့် ချီးမြှင့်ငွေများ ပေးအပ်ပြီး အလုပ်အကိုင်ရရှိရေးကိစ္စရပ်များကို ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

စိမ်းလွဲ(ပြန်/ဆက်)

စွန့်ပစ်ပစ္စည်းများ စနစ်တကျစွန့်ပစ်ရေး အသိပညာပေး

ဘားအံ နိုဝင်ဘာ ၂၃

စွန့်ပစ်ပစ္စည်းများ စနစ်တကျစွန့်ပစ်ရေးနှင့် ပလက်စတစ်သုံးစွဲမှု လျော့ချရေး အသိပညာပေး လူထုလှုပ်ရှားဆောင်ရွက်မှုကို နိုဝင်ဘာ ၂၂ ရက်တွင် ဘားအံမြို့နယ် ကျောက်ကလပ်ခရိုးစဉ်ဒေသ၌ ကျင်းပသည်။

အဆိုပါ လှုပ်ရှားဆောင်ရွက်မှုကို ကရင်ပြည်နယ်ပတ်ဝန်းကျင်စီမံခန့်ခွဲမှုဆိုင်ရာကြီးကြပ်မှုကော်မတီ၊ ကရင်ပြည်နယ်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ကျောက်ကလပ်ခရိုးသူများနှင့် ပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူများက ကျောက်ကလပ်ခရိုးစဉ်ဒေသ ပရိဝုဏ်အတွင်းရှိ စွန့်ပစ်ပလတ်စတစ်နှင့် အမှိုက်သရိုက်များကို စုပေါင်းဖယ်ရှားရှင်းလင်းသည်။



ထိုသို့ဆောင်ရွက်မှုကို ကရင်ပြည်နယ် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးနှင့် တာဝန်ရှိသူများက လိုက်လံကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။ စောမျိုးမင်းသိန်း(ပြန်/ဆက်)

(၈၂)နှစ်မြောက်တပ်မတော်နေ့ ဂုဏ်ပြုစစ်ချီသီချင်း၊ စစ်သည်တေးသီချင်း၊ ကဗျာနှင့်ဝတ္ထုပြိုင်ပွဲ စာမူများဖိတ်ခေါ်ခြင်း

၁။ ၂၀၂၇ ခုနှစ်၊ (၈၂)နှစ်မြောက်တပ်မတော်နေ့ ဂုဏ်ပြုစစ်ချီသီချင်း၊ စစ်သည်တေးသီချင်း၊ ကဗျာနှင့် ဝတ္ထုပြိုင်ပွဲဝင်ရန် စာမူများဖိတ်ခေါ်အပ်ပါသည်။ ဆုရရှိသော ဂုဏ်ပြုစစ်ချီသီချင်း၊ စစ်သည်တေးသီချင်းများအား မြဝတီရုပ်မြင်သံကြားတွင် ထုတ်လွှင့်ပြသသွားမည်ဖြစ်ပြီး ကဗျာနှင့်ဝတ္ထုများအား စာအုပ်အဖြစ် စီစဉ်ထုတ်ဝေသွားမည် ဖြစ်ပါသည်။

၂။ ပြိုင်ပွဲဝင်စာမူများတွင် ပါဝင်ရမည့်အချက်များ

(က) မြန်မာနိုင်ငံဟူ၍ ဖြစ်တည်ပေါ်ပေါက်လာသည့်အချိန်မှစပြီး တပ်မတော်သည် နိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်ခဲ့သည့် အဖွဲ့အစည်းတစ်ရပ်အဖြစ် ခိုင်ခိုင်မာမာရပ်တည်ခဲ့ကြောင်း၊ ခေတ်အဆက်ဆက် သမိုင်းအဆက်ဆက်တွင် အမျိုးသားရေးကို မည်သည့်အခါမျှ သစ္စာမဖောက်ခဲ့သည့် အပြင် စွန့်လွှတ်စွန့်စားခြင်း၊ အနစ်နာခံခြင်းများစွာဖြင့် ပြည်တွင်းပြည်ပရန်ဟူသမျှကို ချေမှုန်းသုတ်သင်နိုင်ခဲ့သည့် အစဉ်အလာကောင်းများရှိကြောင်း၊ နယ်ချဲ့ဆန့်ကျင်ရေး၊ ဖက်ဆစ်တော်လှန်ရေးကာလများတွင် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အတူ လက်တွဲတိုက်ပွဲဝင်ကာ မြန်မာ့လွတ်လပ်ရေးအတွက် အသက်သွေးချွေးများစွာ ပေးဆပ်ခဲ့သည့်အကြောင်းများကို ထည့်သွင်းရေးသား၊ စပ်ဆိုဖွဲ့နွဲ့သီကုံးနိုင်သည်။

(ခ) ထို့ပြင် တိုင်းပြည်တွင် အရေးကြုံအခက်အခဲပေါ်ပေါက်လာတိုင်း တည်ငြိမ်ဖြောင့်မတ်စွာသုံးသပ်လျက် ဒို့တာဝန်အရေးသုံးပါးကိုဦးထိပ်ထားကာ လုပ်ဆောင်သင့်လုပ်ဆောင်ထိုက်သည်များကို ပြတ်ပြတ်သားသားလုပ်ဆောင်ခဲ့ကြောင်း၊ ပြည်ထောင်စုတိုင်းရင်းသားပေါင်းစုံဖြင့် ဖွဲ့စည်းထားသော ပြည်ထောင်စုတပ်မတော်ကြီးဖြစ်သည့် အားလျော်စွာ ပြည်ထောင်စုကြီး ထာဝရငြိမ်းချမ်းရေးရရှိရေး၊ တစ်တိုင်းပြည်လုံး ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် တပ်မတော်ခေါင်းဆောင်အဆက်ဆက်တို့ ကြိုးပမ်းဆောင်ရွက်ခဲ့၊ ဆောင်ရွက်လျက်ရှိကြောင်း၊ ပြည်သူလူထုအကျိုးစီးပွားအတွက် အားချိန်နားချိန်မရှိဘဲ အချိန်ပြည့်တိုင်းပြည်တာဝန်ကိုကျေပွန်စွာထမ်းဆောင်လျက်ရှိကြောင်းများကိုလည်း ထည့်သွင်းရေးသားဖော်ကျူးနိုင်သည်။

(ဂ) အထက်ပါအချက်များထဲက အချက်တစ်ခုခုကိုဖြစ်စေ၊ အများအပြားကိုဖြစ်စေ ထည့်သွင်းဖွဲ့ဆိုရေးသားနိုင်သည်။

၃။ စစ်ချီသီချင်း၊ စစ်သည်တေးသီချင်းကဏ္ဍသတ်မှတ်ချက်များ

(က) တပ်မတော်နှင့်သက်ဆိုင်ပြီး စိတ်ဓာတ်တက်ကြွဖွယ်စာသားများပါဝင်ရမည်။

(ခ) တပ်မတော်၏ဂုဏ်ရည်၊ တပ်မတော်သားတို့၏ဘဝကို ထင်ဟပ်ဖော်ပြနိုင်စွမ်းရှိရမည်။

(ဂ) တေးသီချင်းတစ်ပုဒ် ကြာမြင့်ချိန် ၃ မိနစ်ထက်မနည်း ၅ မိနစ်ထက်မများ ဖြစ်ရမည်။

(ဃ) အသံသွင်းပြီးသီချင်းခွေနှင့်အတူ သီချင်းစာသား Note မိတ္တူ ၃ စုံ ပေးပို့ရမည်။

(င) ပြိုင်ပွဲဝင်များအနေဖြင့် သံစုံတီးဝိုင်းဖြင့် တီးခတ်အသံသွင်းရန် အခက်အခဲရှိပါက နီးစပ်ရာတိုင်းစစ်ဌာနချုပ်များရှိ စစ်တီးဝိုင်းများတွင် သွားရောက်တီးခတ်၍ အသံသွင်းနိုင်သည်။

၄။ ကဗျာ(အလွတ်တန်း/ဝါသနာရှင်)စာမူကဏ္ဍ သတ်မှတ်ချက်များ

(က) မြန်မာဂန္ဆဝင်ကဗျာရေးထုံးနှင့်ကိုက်ညီသည့် ကဗျာဖြစ်ရမည်။

(ခ) ကဗျာ(အလွတ်တန်း)တွင် ပါဒ ၃၀၀ မှ ၄၀၀ အတွင်း၊ ကဗျာ(ဝါသနာရှင်)တွင် ပါဒ ၂၅၀ မှ ၃၀၀ အတွင်း ပါဝင်ရမည်။ (လေးလုံးစပ်ကဗျာတွင် စာလုံးလေးလုံးသည် တစ်ပါဒဖြစ်ပြီး အချိုးကဗျာတွင် စာကြောင်းတစ်ကြောင်းသည် တစ်ပါဒဖြစ်သည်။)

(ဂ) ကဗျာတွင် မိမိယှဉ်ပြိုင်လိုသည့်အဆင့်ကို (အလွတ်တန်းအဆင့်)၊ (ဝါသနာရှင်အဆင့်)ဟူ၍ သိသာစွာရေးသားဖော်ပြရမည်။

(ဃ) ယှဉ်ပြိုင်သူတစ်ဦးတည်းက ကဗျာ(အလွတ်တန်းအဆင့်)နှင့် ကဗျာ(ဝါသနာရှင်အဆင့်) နှစ်မျိုးစလုံးတွင် တစ်ပြိုင်နက်ဝင်ရောက်ယှဉ်ပြိုင်ခြင်းမပြုရ။

(င) အမျိုးသားစာပေဆု(ကဗျာ)၊ စာပေဗိမာန်စာမူဆု(ကဗျာ)၊ ပခုက္ကူဦးအုံးဖေစာပေဆု (ကဗျာ) ရရှိပြီးသူများ၊ ယခင်တပ်မတော်နေ့အထိမ်းအမှတ် စာမူပြိုင်ပွဲများတွင် ကဗျာ(ပထမ၊ ဒုတိယ၊ တတိယ) ဆုရရှိဖူးသူများအနေဖြင့် ကဗျာ(အလွတ်တန်းအဆင့်)တွင်သာ ဝင်ရောက်ယှဉ်ပြိုင်ရမည်။

၅။ ဝတ္ထုတို/ဝတ္ထုရှည်(အလွတ်တန်း/ဝါသနာရှင်)စာမူကဏ္ဍ သတ်မှတ်ချက်များ

(က) ဝတ္ထုတို၊ ဝတ္ထုရှည်အင်္ဂါရပ်များနှင့် ညီညွတ်ရမည်။

(ခ) ရသမြောက်စွာရေးဖွဲ့ရမည်ဖြစ်ပြီး စကားပြေရေးဟန်နှင့် စကားပြောရေးဟန် ရောနှောရေးသားခြင်းမပြုရ။

(ဂ) ဝတ္ထုတိုတွင် စာလုံးရေ ၆၀၀၀ မှ ၈၀၀၀ အကြား သတ်မှတ်သည်။ ဝတ္ထုရှည်တွင် စာလုံးရေ ၅၀၀၀၀ အောက် မနည်းစေရ၊ ၆၀၀၀၀ ထက် မများစေရ။

(ဃ) ဝတ္ထုတို/ဝတ္ထုရှည်တွင် မိမိယှဉ်ပြိုင်လိုသည့်အဆင့်ကို (အလွတ်တန်းအဆင့်)၊ (ဝါသနာရှင်အဆင့်)ဟူ၍ သိသာစွာရေးသားဖော်ပြရမည်။

(င) ယှဉ်ပြိုင်သူတစ်ဦးတည်းက ဝတ္ထုတို/ဝတ္ထုရှည် (အလွတ်တန်းအဆင့်)နှင့် (ဝါသနာရှင်အဆင့်) နှစ်မျိုးစလုံးတွင် တစ်ပြိုင်နက်ဝင်ရောက်ယှဉ်ပြိုင်ခြင်း မပြုရ။

(စ) အမျိုးသားစာပေဆု(ဝတ္ထုတို/ဝတ္ထုရှည်)၊ စာပေဗိမာန်စာမူဆု(ဝတ္ထုတို/ဝတ္ထုရှည်)၊ ပခုက္ကူဦးအုံးဖေစာပေဆု (ဝတ္ထုတို/ဝတ္ထုရှည်) ရရှိပြီးသူများ၊ ယခင်တပ်မတော်နေ့အထိမ်းအမှတ် စာမူပြိုင်ပွဲများတွင် ဝတ္ထုတို/ဝတ္ထုရှည် (ပထမ၊ ဒုတိယ၊ တတိယ) ဆုရရှိဖူးသူများအနေဖြင့် ဝတ္ထုတို/ဝတ္ထုရှည် (အလွတ်တန်းအဆင့်)တွင်သာ ဝင်ရောက်ယှဉ်ပြိုင်ရမည်။

၆။ စာမူများကို A4 ဆိုဒ်တစ်မျိုးတည်းတွင် စာမျက်နှာတစ်ဖက်တည်း၌သာ ရှင်းလင်းပီသသောလက်ရေးဖြင့်ဖြစ်စေ၊ ကွန်ပျူတာစာလုံး (Pyidaungsu font စာလုံးအရွယ်အစား ၁၃)ဖြင့်ဖြစ်စေ ရေးသားရိုက်နှိပ်ပြီး ခိုင်ခံ့သေသပ်စွာချုပ်လုပ်၍ ၃ စုံစီပေးပို့ရမည်။

၇။ စာမူများတွင် ကိုယ်တိုင်ရေးသားကြောင်း၊ မည်သည့်စာနယ်ဇင်းတွင်မှ ပုံနှိပ်ဖော်ပြဖူးခြင်းမရှိကြောင်းနှင့် မည်သည့်ပြိုင်ပွဲတွင်မှ ဆုရရှိဖူးခြင်းမရှိကြောင်း ဝန်ခံချက်ပါရှိရမည်။

၈။ စာမူရှင်များ၏ နေရပ်လိပ်စာအပြည့်အစုံနှင့် ဆက်သွယ်ရန်ဖုန်းနံပါတ်တို့ကို ထည့်သွင်းဖော်ပြရမည်။

၉။ ဆုချီးမြှင့်ခြင်းခံရပါက ကိုယ်တိုင်တက်ရောက်ဆုယူနိုင်သူဖြစ်ကြောင်း ကတိပြုချက်ပါရှိရမည်။

၁၀။ စာမူများကို ၂၀၂၆ ခုနှစ်၊ ဒီဇင်ဘာလ ၃၀ ရက်နောက်ဆုံးထား၍ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)၊ ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံးသို့ ပေးပို့ရမည်။

၁၁။ စစ်ချီသီချင်း ဆုချီးမြှင့်မည့်နှုန်းထားများ

(က)	ပထမဆု	၁,၀၀၀,၀၀၀ ကျပ်
(ခ)	ဒုတိယဆု	၈၀၀,၀၀၀ ကျပ်
(ဂ)	တတိယဆု	၇၀၀,၀၀၀ ကျပ်
(ဃ)	စတုတ္ထဆု	၆၀၀,၀၀၀ ကျပ်
(င)	ပဉ္စမဆု	၅၀၀,၀၀၀ ကျပ်

၁၂။ စစ်သည်တေးသီချင်း ဆုချီးမြှင့်မည့်နှုန်းထားများ

(က)	ပထမဆု	၁,၀၀၀,၀၀၀ ကျပ်
(ခ)	ဒုတိယဆု	၈၀၀,၀၀၀ ကျပ်
(ဂ)	တတိယဆု	၇၀၀,၀၀၀ ကျပ်
(ဃ)	စတုတ္ထဆု	၆၀၀,၀၀၀ ကျပ်
(င)	ပဉ္စမဆု	၅၀၀,၀၀၀ ကျပ်

၁၃။ ကဗျာ(ဝါသနာရှင်) ဆုချီးမြှင့်မည့်နှုန်းထားများ

(က)	ပထမဆု	၅၀၀,၀၀၀ ကျပ်
(ခ)	ဒုတိယဆု	၄၀၀,၀၀၀ ကျပ်
(ဂ)	တတိယဆု	၃၀၀,၀၀၀ ကျပ်
(ဃ)	စတုတ္ထဆု	၂၀၀,၀၀၀ ကျပ်
(င)	ပဉ္စမဆု	၁၅၀,၀၀၀ ကျပ်
(စ)	အထူးဆု(၁)	၁၀၀,၀၀၀ ကျပ်
(ဆ)	အထူးဆု(၂)	၁၀၀,၀၀၀ ကျပ်
(ဇ)	အထူးဆု(၃)	၁၀၀,၀၀၀ ကျပ်

၁၄။ ကဗျာ(အလွတ်တန်း) ဆုချီးမြှင့်မည့်နှုန်းထားများ

(က)	ပထမဆု	၇၀၀,၀၀၀ ကျပ်
(ခ)	ဒုတိယဆု	၅၀၀,၀၀၀ ကျပ်
(ဂ)	တတိယဆု	၄၀၀,၀၀၀ ကျပ်
(ဃ)	စတုတ္ထဆု	၃၀၀,၀၀၀ ကျပ်
(င)	ပဉ္စမဆု	၂၀၀,၀၀၀ ကျပ်

၁၅။ ဝတ္ထုတို(ဝါသနာရှင်) ဆုချီးမြှင့်မည့်နှုန်းထားများ

(က)	ပထမဆု	၅၀၀,၀၀၀ ကျပ်
(ခ)	ဒုတိယဆု	၄၀၀,၀၀၀ ကျပ်
(ဂ)	တတိယဆု	၃၀၀,၀၀၀ ကျပ်
(ဃ)	စတုတ္ထဆု	၂၀၀,၀၀၀ ကျပ်
(င)	ပဉ္စမဆု	၁၅၀,၀၀၀ ကျပ်
(စ)	အထူးဆု(၁)	၁၀၀,၀၀၀ ကျပ်
(ဆ)	အထူးဆု(၂)	၁၀၀,၀၀၀ ကျပ်
(ဇ)	အထူးဆု(၃)	၁၀၀,၀၀၀ ကျပ်

၁၆။ ဝတ္ထုတို(အလွတ်တန်း) ဆုချီးမြှင့်မည့်နှုန်းထားများ

(က)	ပထမဆု	၇၀၀,၀၀၀ ကျပ်
(ခ)	ဒုတိယဆု	၅၀၀,၀၀၀ ကျပ်
(ဂ)	တတိယဆု	၄၀၀,၀၀၀ ကျပ်
(ဃ)	စတုတ္ထဆု	၃၀၀,၀၀၀ ကျပ်
(င)	ပဉ္စမဆု	၂၀၀,၀၀၀ ကျပ်

၁၇။ ဝတ္ထုရှည်(ဝါသနာရှင်) ဆုချီးမြှင့်မည့်နှုန်းထားများ

(က)	ပထမဆု	၇၀၀,၀၀၀ ကျပ်
(ခ)	ဒုတိယဆု	၆၀၀,၀၀၀ ကျပ်
(ဂ)	တတိယဆု	၅၀၀,၀၀၀ ကျပ်
(ဃ)	စတုတ္ထဆု	၄၀၀,၀၀၀ ကျပ်
(င)	ပဉ္စမဆု	၃၀၀,၀၀၀ ကျပ်
(စ)	အထူးဆု(၁)	၂၀၀,၀၀၀ ကျပ်
(ဆ)	အထူးဆု(၂)	၂၀၀,၀၀၀ ကျပ်
(ဇ)	အထူးဆု(၃)	၂၀၀,၀၀၀ ကျပ်

၁၈။ ဝတ္ထုရှည်(အလွတ်တန်း) ဆုချီးမြှင့်မည့်နှုန်းထားများ

(က)	ပထမဆု	၁,၀၀၀,၀၀၀ ကျပ်
(ခ)	ဒုတိယဆု	၇၀၀,၀၀၀ ကျပ်
(ဂ)	တတိယဆု	၆၀၀,၀၀၀ ကျပ်
(ဃ)	စတုတ္ထဆု	၅၀၀,၀၀၀ ကျပ်
(င)	ပဉ္စမဆု	၄၀၀,၀၀၀ ကျပ်

၁၉။ ပြိုင်ပွဲအသီးသီးတွင် ဆုရရှိသူများအား အခမ်းအနားဖြင့် ဂုဏ်ပြုချီးမြှင့်မည်ဖြစ်သည်။

ပြိုင်ပွဲကျင်းပရေးကော်မတီ

PDF Game ဆော့ကစားခြင်းကြောင့် ဥပဒေအရ အရေးယူခံရနိုင်သည်

အကြမ်းဖက်လုပ်ငန်းများဆောင်ရွက်နေသည့် PDF အဖွဲ့များအား တစ်ဖက်တစ်လမ်းမှ ထောက်ပံ့လှူဒါန်းစေရန်၊ လူငယ်လူရွယ်များ၏ မသိစိတ်များအတွင်း တပ်မတော်အပေါ် အထင်အမြင်လွဲမှားစေရန်နှင့် တော်လှန်လိုစိတ်တိုးပွားလာစေရန် စသည့်ရည်ရွယ်ချက်များဖြင့် NUG၊ CRPH လက်အောက်ခံအကြမ်းဖက် အဖွဲ့အစည်းများက PDF Game Application များ တီထွင်ဖန်တီးအသုံးပြုလျက်ရှိကြောင်း စိစစ်တွေ့ရှိရသည့်အတွက် PDF Game ဆော့ကစားခြင်းသည် အကြမ်းဖက်အဖွဲ့အား ထောက်ပံ့ခြင်းဖြစ်၍ ဥပဒေအရ အရေးယူခံရနိုင်ကြောင်း အသိပေးအပ်ပါသည်။



ကြေးမုံစာအုပ်စင် စာအုပ်အမြင်

ကြေးမုံစာအုပ်စင် စာအုပ်အမြင်ကဏ္ဍတွင် စာအုပ်ထုတ်ဝေသူများ၊ စာအုပ်ဖြန့်ချိသူများ၊ စာရေးဆရာများ၏ ထုတ်ဝေသောစာအုပ်များကို စာဖတ်ပရိသတ်များ ကျယ်ကျယ်ပြန့်ပြန့် သိရှိလေ့လာဖတ်ရှုနိုင်ရန်အတွက် စုစည်းဖော်ပြပေးလိုက်ပါသည်။ (စာတည်း)

ယဉ်ကျေးမှု၊ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန သမိုင်းသုတေသနနှင့် အမျိုးသားစာကြည့်တိုက်ဦးစီးဌာနမှ ထွက်ရှိသော စာအုပ်များစာရင်း



ရွှေစည်းခုံပျို့(ပထမတွဲ)

ရွှေစည်းခုံပျို့(ပထမတွဲ)သည် ပုဂံခေတ်သမိုင်းကို လေ့လာနေသည့် သုတေသီများ၊ မြန်မာစာနှင့် သမိုင်းအထူးပြု ကျောင်းသား ကျောင်းသူများအတွက် များစွာအထောက်အကူဖြစ်စေရန်အတွက် ယဉ်ကျေးမှု၊ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန၊ သမိုင်းသုတေသနနှင့် အမျိုးသားစာကြည့်တိုက်ဦးစီးဌာနမှ ထုတ်ဝေဖြန့်ချိလိုက်သည်။ ရွှေစည်းခုံပျို့(ပထမတွဲ)တွင် အုပ်ငံးသုံးပိုင်းပါရှိပြီး ပထမပိုင်းအဖြစ် ဂေါတမမြတ်စွာဘုရား ပွင့်ထွန်းပေါ်ပေါက်လာပုံမှ ပျူ၊ ကမ်းယံ၊ မြမွာသုံးစုကွဲ၍ ပျံ့နှံ့သွားပုံအထိ ဖော်ပြထားပါသည်။ ဒုတိယပိုင်းအဖြစ် ဘုရားပရိနိဗ္ဗာန်စံပြီးနောက် သင်္ဂါယနာတင်ပုံမှ ရှင်အရဟံရဟန္တာဟုကျော်ကြားပြီး ပေါက္ကံဌာနသို့ပြောင်းရွှေ့လာပုံကို ဖော်ပြထားပါသည်။

တတိယပိုင်းအဖြစ် ဂေါတမဘုရားရှင်သည် ဖိုးဦးတောင်မှ မကွေးတောင်ထိပ်သို့ကြွရောက်လာပုံမှ အရိမန္ဒနာပေါက္ကံပြည် တည်ထွန်းမည့်နေရာကိုကြည့်၍ ဗျာဒိတ်ထားတော်မူပုံ၊ သမုဒ္ဒရာဓိပင်းတိုင်းပြည်စတင်ထူထောင်ပုံ၊ ပျူစောထီးဆက်ခံပုံမှစ၍ အနော်ရထာထီးနန်းဆက်ခံပုံတို့ကို ပျံ့အသွင်စီရင်ရေးသားထားသော စာအုပ်ဖြစ်ပါသည်။ ရွှေစည်းခုံပျို့ကို ပေမူအတိုင်းထုတ်ဝေထားပြီး ပေမူပါအကြောင်းအရာများကို မူရင်းအတိုင်းဖတ်ရှုနိုင်ရန် ပေစာများကိုဖော်ပြထားသည့်အပြင် ပေမူကို လွယ်ကူစွာဖတ်ရှုနိုင်ရန် စာသားများကိုလည်း ယှဉ်တွဲဖော်ပြထားသည့် စာအုပ်ကောင်းတစ်အုပ်ဖြစ်ပါသည်။

အဆိုပါစာအုပ်ကို တန်ဖိုးငွေကျပ် ၁၅၀၀၀ ဖြင့် ဝယ်ယူရရှိနိုင်ပါသည်။



မြန်မာသမိုင်းသုတေသနစာစောင် (၄၆)

ယဉ်ကျေးမှု၊ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန၊ သမိုင်းသုတေသနနှင့် အမျိုးသားစာကြည့်တိုက်ဦးစီးဌာနသည် မြန်မာသမိုင်းသုတေသနစာစောင်ကို ၁၉၉၅ ခုနှစ်မှစတင်၍ ထုတ်ဝေခဲ့ရာ ယခု ၂၀၂၆ ခုနှစ်တွင် သုတေသနစာစောင်အမှတ် (၄၆)အထိ ထုတ်ဝေပြီးဖြစ်ပါသည်။ မြန်မာသမိုင်းသုတေသနစာစောင်တွင် မြန်မာသမိုင်းပညာရှင်ကြီးများ၏ သုတေသနစာတမ်းများ၊ မြန်မာပြည်အရပ်ရပ်မှ တက္ကသိုလ်များရှိ သမိုင်းဌာနနှင့် ရှေးဟောင်းသုတေသနမှ ဆရာ ဆရာမများ၏ သုတေသနစာတမ်းများ၊ သမိုင်းသုတေသနဦးစီးဌာနမှ သုတေသနဝန်ထမ်းများနှင့် ပြင်ပသုတေသီများ၏ သုတေသနပြုချက်မှ ရရှိလာသော ခေတ်ကာလအသီးသီးအလိုက် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ယဉ်ကျေးမှုနှင့် သက်ဆိုင်သည့် သုတေသနစာတမ်းများ ပြုစုရေးသားထုတ်ဖော်ထားပါသည်။ ထိုသုတေသနစာစောင်တွင် ဒေါက်တာစိန်ဖြင့်၏ The Spread of BUDDHISM And Attempts of King Dhammaceti In RĀMĀNYA Desa 15th Century A.D (Approach by epigraphic source: the Kalyani Inscription), ဒေါက်တာနှင်းယုခိုင်၏ Significant Events in the Surrounding of the Shwedagon Pagoda (1824–1988)၊ ဒေါက်တာလဲ့လဲ့ဝင်း၏ ကျိုင်း(ခ)ကျိုင်းမြို့ဟောင်း၊ ဒေါက်တာသူဇာညွှန့်၏ မြန်မာမင်းများနှင့် လက်ဆောင်ပဏ္ဏာဆက်သခြင်းအလေ့အထ၊ ဒေါ်ရီရီဝင်း၏ နေဝင်ဘုရင်တို့၏ ဟော်နန်းများ၊ ဒေါက်တာခင်သီတာ၏ မြန်မာနိုင်ငံစာရေးဆရာအသင်း (၁၉၄၂-၄၅)၊ ဒေါက်တာမွန်သီရိဖိုး၏ ရခိုင်ဒေသနိုင်ငံရေးပြောင်းလဲမှုအခြေအနေများကို လေ့လာတင်ပြခြင်း (၁၉၄၅-၁၉၄၈)၊ ဦးသန်းလွင်၏ ပြည်ထောင်စုမြန်မာနိုင်ငံ အမျိုးသားညီညွတ်ရေးတပ်ပေါင်းစု (ပမည်တ)နှင့် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲ စသည်သုတေသနစာတမ်း ရှစ်စောင်ပါဝင်သဖြင့် စာဖတ်သူများအနေဖြင့် မြင့်မားသောအသိဉာဏ်ပညာများကို ရရှိစေမည့် စာအုပ်ကောင်းတစ်အုပ်ဖြစ်ပါသည်။

အဆိုပါစာအုပ်ကို တန်ဖိုးငွေကျပ် ၁၃၀၀၀ ဖြင့် ဝယ်ယူရရှိနိုင်ပါသည်။

ဤစာအုပ်များကို ယဉ်ကျေးမှု၊ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန၊ သမိုင်းသုတေသနနှင့် အမျိုးသားစာကြည့်တိုက်ဦးစီးဌာန၊ နေပြည်တော်၊ ရုံးအမှတ် (၃၅)၊ ဖုန်း ၀၆၇-၄၀၈၃၈၄၊ ၀၆၇-၄၀၈၇၁၈၊ အမျိုးသားစာကြည့်တိုက်(နေပြည်တော်)၊ ကုမ္ပဏီဘာကြေးပန်းပိုင်းအနီး၊ ဖုန်း ၀၆၇-၄၁၈၄၂၆၊ သမိုင်းသုတေသနဌာနခွဲ(ရန်ကုန်) အမှတ်(၈၅-အေ)၊ သီရိမင်္ဂလာရပ်သာလမ်းသွယ်၊ ကမ္ဘာအေးဘုရားလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း ၀၉-၄၂၁၀၄၇၁၂၄ နှင့် အမျိုးသားစာကြည့်တိုက်(ရန်ကုန်) အမှတ် (၆၀၄/၆၀၈)၊ ၃၁ လမ်းနှင့် ၃၂ လမ်းကြား၊ ကုန်သည်လမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း ၀၁-၈၃၇၉၉၄ တို့တွင် ဖြန့်ချိထားပြီး တိုက်ရိုက်ဆက်သွယ်ဝယ်ယူရရှိနိုင်ပါသည်။

လန်းဆန်းတက်ကြွ ပျော်ရွှင်ငြိမ်းချမ်းစွာဖြင့် အလှပဆုံး အိုမင်းကြပါစို့



စာရေးသူနိုကိ်၏ လန်းဆန်းတက်ကြွ ပျော်ရွှင်ငြိမ်းချမ်းစွာဖြင့် အလှပဆုံး အိုမင်းကြပါစို့ စာအုပ်မှာ အောက်တိုဘာလက ပထမအကြိမ် ထွက်ရှိလာသည်။

အဆိုပါစာအုပ်တွင် မအိုဆေး၏ နက်ရှိုင်းမှု၊ အိုမင်းခြင်းကို အလှပဆုံး ကျော်ဖြတ်နိုင်ရန်အတွက် လျှို့ဝှက်ချက်၊ အချိန်ကိုရပ်တန့်ခြင်းဖြင့် Cell များကို နုပျိုစေနိုင်ခြင်း၊ အချိန်ဟူသော ကန့်သတ်ချက်များမှ လွတ်မြောက်နိုင်သော The Now၊ အိုမင်းခြင်းခရီး၏အဖော်၊ ကျန်းမာပျော်ရွှင်စွာ အိုမင်းခြင်းအတွက် အမြင်သစ်ဆောင်းပါးခြောက်ပုဒ်ဖြင့် ရေးသားတင်ပြထားသည်။ ထာဝရမအိုနိုင်သောဆေး မရှိနိုင်သော်လည်း အိုမင်းခြင်းကို ကာလတစ်ခုအထိ ဆွဲဆန့်နိုင်ပြီး ကျန်းကျန်းမာမာအိုမင်းနိုင်ကြောင်း၊ ဓရာတိုက်ဖျက်ရေးဆေးပညာအရဖြစ်စေ၊ စိတ်စွမ်းအားအရဖြစ်စေ၊ သတိပဋ္ဌာန်အရဖြစ်စေ၊ ဓာတ်လမ်းစဉ်အရဖြစ်စေ အိုမင်းခြင်းကိုဆွဲဆန့်နိုင်ခြင်းသည် လက်တွေ့နယ်ပယ်ထဲသို့ ရောက်ရှိနေပြီဖြစ်ကာ စိတ်စွမ်းအား၊ ဆေးဝါးများ၊ နည်းပညာနှင့် စားသောက်နေထိုင်သည့်ပုံစံများကို ပေါင်းစပ်ကျင့်သုံးခြင်းဖြစ်ကြောင်း ကျန်းမာရေးအသိပညာပေး ရေးဖွဲ့ထားသည်။

စာအုပ်ကို ဒေါ်အိအိရွှေစင် Empress Book Publishing(မြ-၀၃၅၃၃) က ထုတ်ဝေပြီး ကိုလတ်စာပေ အမှတ်(၂၁၂) မြေညီ ၃၁ လမ်းအထက် ပန်းဘဲတန်းမြို့နယ် ဖုန်း ၀၉ ၅၀၂၀၀၆၈၊ ၀၉ ၅၀၉၃၉၃၈ က တန်ဖိုးငွေကျပ် ၂၀၀၀၀ ဖြင့် ဖြန်ချရောင်းချလျက်ရှိသည်။

ထွန်တုံးပိတ်ချိန်နှင့် ခုန်ကျင်း



ဖိုးရာဇာ(မအုပင်) ရေးသားသည့် ထွန်တုံးပိတ်ချိန်နှင့် ခုန်ကျင်း (လယ်သမားဘဝ အမှတ်တရ ပုံရိပ်များ)စာအုပ် ထွက်ရှိလာသည်။

